# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၁၆)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၁၆-၁၀-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တည်ငြိမ်အေးချမ်းမှုရှိမှသာ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ မှန်ကန်တဲ့ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်း

ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား-

ဒီနေ့ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြား သဘောတူညီမှုရရှိခဲ့တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)ကို ချုပ်ဆိုနိုင်ခဲ့တဲ့ (၉)နှစ်ပြည့်မြောက်တဲ့ နေ့ပဲဖြစ်ပါတယ်။ ဒီနေ့အခါသမယမှာ သဘောတူစာချုပ် စတင်လက်မှတ်ရေးထိုးခဲ့ချိန်မှာ ပါဝင်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်း ပြည်ပမှ အသိသက်သေများ၊ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ကောင်းကျိုးလိုရာများ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားစဉ်။

“ပြည်တွင်း တည်ငြိမ်အေးချမ်းဖို့၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိဖို့ဆိုတာ တပ်မတော် တစ်ဖက်တည်းကနေပဲ လုံ့လစိုက်နေလို့မရပါဘူး။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးဟာ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုတဲ့ အသိတရားနဲ့ ထားရှိပြီးသား ကတိကဝတ်တွေကို အလေးထားလိုက်နာ ပူးပေါင်း ဆောင်ရွက်ကြမှသာ ကျွန်တော်တို့အားလုံးသွားချင်တဲ့ပန်းတိုင်ကို လျင်မြန်စွာ ရောက်ရှိမှာ ဖြစ်ပါတယ်”

**နေရာကွက်ကျား မိုး အနည်းငယ်ရွာနိုင်**

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့။

## စားရေရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်လျက်ရှိ

လူသားအားလုံး စားရေရိက္ခာဖူလုံမှုအတွက် အရေးပါမှုနှင့် စားရေရိက္ခာဖူလုံမှုမရှိပါက လူသားများ၏ ဘဝရပ်တည်မှုခက်ခဲသည်ကို သတိပြုမိပြီး အလေးထားကြိုးပမ်းဆောင်ရွက်ကြစေရန်ရည်ရွယ်၍ နှစ်စဉ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် "ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) အထိမ်းအမှတ်အခမ်းအနားများကို အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပလျက်ရှိသည်။

ယခုနှစ်ကျင်းပသည့် အခမ်းအနား၏ ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး" (Right to Foods for a Better Life and a Better Future) ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် စားရေရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ရေနှင့် စားနပ်ရိက္ခာသည် မိမိတို့ လူသားများနေ့စဉ် အသက်ရှင်သန်ရပ်တည်ရန် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုသည် လူသားတို့မျှော်မှန်းတောင့်တသကဲ့သို့ ဖြစ်မလာပေ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း စသော မလိုလားအပ်သော အခြေအနေများကို တွေ့ကြုံလာရပေသည်။ မိုးကြီးခြင်းကြောင့် စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်ခြင်း၊ ပျက်စီးဆုံးရှုံးခြင်း ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လာရပေသည်။ တစ်ဖန်ပြင်းထန်သော သိပ္ပံစမ်းသပ်မှုများကြောင့် ကမ္ဘာ့ရာသီဥတုသည် ဆိုးရွားသောအခြေအနေမျိုးသို့ ရောက်ရှိရသည်အထိ ဖြစ်လာရပေသည်။

မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူလွန်ကဲခြင်း၊ မြေပေါ်ရေကန်များဆောလျင်စွာခန်းခြောက်ခြင်း၊ မြေအောက်ရေများ မျက်နှာပြင်နိမ့်ကျခြင်းများဖြစ်ပေါ်လာနိုင်သည်။ စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများဖြစ်ပေါ်လာနိုင်သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများတွင် ထိခိုက်ဆုံးရှုံးမှုမဖြစ် စေရေးနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်နှင့် ရေတံခါးတို့မှ သိုလှောင်ရေ အခြေအနေအပေါ်မူတည်၍ နွေစပါးစိုက်ပျိုးရေ ပေးဝေခြင်းနှင့် ဒေသတွင်း သောက်သုံးရေပေးဝေခြင်းများကို ကြိုတင်ချိန်ဆ ပြင်ဆင်ထားရှိစေပြီးဖြစ်သည်။ အယ်လ်နီညို သက်ရောက်မှုအတွက် ဒေသတွင်းနိုင်ငံများနည်းတူ မိမိတို့နိုင်ငံအတွက် အကျိုးရှိနိုင်မည့် စီမံဆောင်ရွက်ချက် များကို ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်သူများ၊ တောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်တွင် စီးပွားရေးဦးတည်ချက်တွင်ပါဝင်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီ နည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ လိုက်လံကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေး၊ အောင်မြေသာစံ ခရိုင် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ် သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်တို့သည် ယနေ့ မွန်းလွဲပိုင်းက မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်နှင့် မင်းတဲအီကင်းရပ်ကွက်တို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုသို့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူကြရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အကွက်တာဝန်ခံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပါဝင်ကူညီစောင့်ရှောက်ပေးကြပြီး ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(၀၉၃)

## သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**အမရပူရ အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အိုးတော်မူလွန်ကျောင်း၌ ယနေ့ နံနက် ၉ နာရီက အမရပူရမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြီးမှူး၍ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Reduction- 13 rd October 2024) အထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့သည်။

ဦးစွာ အမရပူရခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးညိုဝင်းက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂမှ ပေးပို့သော အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ သဝဏ်လွှာကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနမှ အကြီးတန်းစာရေး ဦးမြင့်ဆွေက ဖတ်ကြားသည်။

(အပေါ်ဝဲပုံ)

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို အနာဂတ်မှာ ကြံ့ကြံ့ခိုင်နိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့ ဆောင်ပုဒ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူလေးများက ကြိုတင်ကာကွယ် ဘေးအန္တရာယ် ကစားရင်းနဲ့ သင်ယူမယ်(Riskland Game) နှင့် ပဟေဋ္ဌိများကို ဝင်ရောက်ဖြေဆိုဆော့ကစားကြသည်။ ဝင်ရောက်ဆော့ကစားသော ကျောင်းသား၊ ကျောင်းသူလေးများကို အမရပူရခရိုင် ကြက်ခြေနီအသင်းက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၈၄)

## မိတ္ထီလာမြို့နယ်ရှိ စိုက်ကေ ၁၀ ကေတွင် သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ကြဲပက်ပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ကြဲပက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကန်သာယာကျေးရွာအုပ်စု ရိုးကန်ကျေးရွာ၊ ကွင်းအမှတ်(၆၁၃)၊ ဦးပိုင်အမှတ်(၁၁၇/၁)ရှိ ဦးကျော်မြင့်၏ စိုက်ကေ ၁၀ ကေတွင် ကျင်းပခဲ့သည်။

သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ကြဲပက်ပွဲအခမ်းအနားတွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက သစ်စိမ်းမြေဩဇာပိုက်ဆံလျှော် စိုက်ပျိုးအသုံးပြုခြင်းဖြင့် ပေါင်းပေါက်ရောက်မှု ယခင်ထက် နည်းပါးခြင်း၊ မြေများမွလာပြီး ထယ်၊ ထွန်ရေးလုပ်ရာတွင် လွယ်ကူလာခြင်း၊ ထယ်ထိုးရာတွင် လွယ်ကူသဖြင့် အချိန်နှင့် ကုန်ကျစရိတ်များ သက်သာခြင်း၊ လုံးဝစိုက်ပျိုးမရသော မြေများတွင် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလာခြင်း၊ သီးနှံအထွက်နှုန်းများ တိုးလာခြင်း၊ မြေဆီလွှာသည် အစိုဓာတ်ပိုမိုထိန်းသိမ်းနိုင်သဖြင့် မိုးခေါင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိခြင်းနှင့် သစ်စိမ်းမြေဩဇာမသုံးသော စိုက်ခင်းများထက် အပင်ဖြစ်ထွန်းမှု ပိုမိုကောင်းပြီး ပိုမိုရရှိခြင်း၊ နွားချေးအစားထိုး မြေဩဇာအဖြစ် သုံးနိုင်ခြင်း၊ ဈေးနှုန်းမြင့်မားသော ဓာတ်မြေဩဇာများ လျှော့ချသုံးစွဲ၍ သစ်စိမ်းမြေဩဇာကို အသုံးပြုလာနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်စန္ဒာလင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်အေးနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ဒေသခံတောင်သူများအား ရွက်ဖျန်းအားဆေးပုလင်းများ ပေးအပ်ခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက စိုက်ကေ ၁၀ ကေတွင် သစ်စိမ်း မြေဩဇာ ပိုက်ဆံလျှော် မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(၄၆၉)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂–၂၈၄၇၃၉၈၊ ၀၂–၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax–၀၂–၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

> **နိုင်ငံတစ်ခုတိုးတက်စေဖို့အတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ ကာကွယ်ရေးမောင်းနှင်အားများ ကောင်းမွန်နေဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးအရ အားကောင်းပြီး စီးပွားရေးနှင့်ကာကွယ်ရေးအပိုင်းမှာ အားနည်းနေလို့မရပါဘူး။ နိုင်ငံရေးအားကောင်းဖို့အတွက် ဦးဆောင်ကြသူများက စနစ်တကျမှန်ကန်စွာဖြင့် ဦးဆောင်ပေးကြရမှာဖြစ်သလို နိုင်ငံသားအားလုံးကလည်း မိမိတို့နိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်မှုရှိကြဖို့လိုပါတယ်။ နိုင်ငံစီးပွားရေးကောင်းမွန်လာဖို့အတွက် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ကြမှသာ တစ်ဦးချင်းကြွယ်ဝချမ်းသာခြင်းကနေ နိုင်ငံစီးပွားရေးကောင်းမွန်လာမှာ ဖြစ်ပါတယ်။ စီးပွားရေးအား ကောင်းမွန်မှသာ နိုင်ငံရဲ့ကာကွယ်ရေးအားလည်း တိုးတက်ကောင်းမွန်နိုင်မှာ ဖြစ်ပါတယ်။ တပ်မတော်ကို စတင်ဖွဲ့စည်းစဉ်ကတည်းက ပြည်ပရန် ကာကွယ်ရေးအတွက်သာဖြစ်ပြီး ပြည်တွင်းလုံခြုံရေးအတွက် မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်ရဲ့ ပြည်တွင်းလုံခြုံရေးအခြေအနေအရ အစိုးရက တာဝန်ပေးအပ်မှသာ ပြည်တွင်းလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ရခြင်း ဖြစ်ပါတယ်**

☆ ရှေ့ဖုံးမှ

NCA စတင်ချုပ်ဆိုချိန်ကတည်းက “ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤသဘောတူစာချုပ်ပါ အချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွပူးတွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အပြန်အလှန်သန္နိဋ္ဌာန်ပြုကြသည်” ဆိုတဲ့အချက်ကို စာချုပ်မှာပါဝင် လက်မှတ်ရေးထိုးခဲ့ကြသူများက အလေးထားမှတ်မိနေကြဦးမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။

တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ လျှောက်လှမ်းကြမယ်ဆိုတဲ့ ရည်မှန်းချက်များနဲ့ ဖြစ်ပေါ်ခဲ့ရတဲ့ အနှောင့်အယှက်တွေကြားမှာ NCA ကို ကျွန်တော်တို့ ဘယ်လောက်အတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်ခဲ့ကြလဲ၊ NCA လမ်းကြောင်း ဘယ်လောက်ခိုင်မာမှုရှိခဲ့ပြီလဲဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ဟာ သက်ဆိုင်ရာအဖွဲ့အသီးသီးမှ တာဝန်ရှိသူများရဲ့ တွေ့ဆုံမှုပေါင်းများစွာ၊ ညှိနှိုင်းဆွေးနွေးမှုများစွာကနေ အခြေတည်ဖြစ်ပေါ်လာခဲ့တဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်စာချုပ်သစ်တစ်ခုပဲ ဖြစ်ပါတယ်။ နှစ်ဖက်သဘောတူညီမှု ရရှိတဲ့အထိ အကျေအလည် ဆွေးနွေးခဲ့ရပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်နားလည်မှုအပြည့်နဲ့ လိုက်လျောမှုတွေ လုပ်ခဲ့ကြရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသဘောတူစာချုပ် ရေးထိုးပြီးချိန်ကတည်းက စာချုပ်ပါကတိကဝတ်တွေကိုလေးစားပြီး တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် ရပ်တည်ခဲ့ကြတဲ့ EAO များကို တွေ့ရှိခဲ့ရသလို အခွင့်အခါကိုစောင့်ပြီး အခြေအနေပေးရင်ပေးသလို ကတိကဝတ်တွေကို ချိုးဖောက်ပြီး ကိုယ်ကျိုးရှာ နိုင်ငံရေးအမြတ်ထုတ်နေတဲ့ EAO တွေ ပေါ်ပေါက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ NCA ကိုလက်မှတ်ရေးထိုးရခြင်းရဲ့ ရည်ရွယ်ချက်ဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများအရေးနဲ့ ဒီမိုကရေစီအရေးအတွက်ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားအရေးဆိုရာမှာ ကျွန်တော်တို့ဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ NCA စာချုပ်ဖြစ်ပေါ်လာပြီး (၃)နှစ်အကြာမှာပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် လိုလားတဲ့စိတ်နဲ့ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲတာတွေကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာပြီး လိုက်လျောဆောင်ရွက်ပေးခဲ့တာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ မူဝါဒတွေကို ချမှတ်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားတာတွေ၊ လိုက်ပါဆောင်ရွက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးလမ်းစဉ်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ကြဖို့လည်း ဖိတ်ခေါ်မှုများကို ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခများဟာ နိုင်ငံရေးအမြင်မတူမှုများကနေ ပေါ်ပေါက်လာခြင်းဖြစ်တာကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ဖြေရှင်းကြဖို့ ဖိတ်ခေါ်မှုများ ပြုလုပ်လျက်ရှိပါတယ်။ အားလုံးက နိုင်ငံ့အကျိုးအတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းမှာ ပါဝင်လျှောက်လှမ်းကြဖို့ ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ဒီမိုကရေစီ လမ်းကြောင်းကို လျှောက်တဲ့အခါ ပြည်သူတစ်ရပ်လုံးဟာ ဒီမိုကရေစီရဲ့အနှစ်သာရနဲ့ ဒီမိုကရေစီယဉ်ကျေးမှုတွေ မဖြစ်မနေခံစားနိုင်ဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအစိုးရ အုပ်ချုပ်တဲ့ကာလများမှာ ပြည်သူလူထုအများစုဟာ ဒီမိုကရေစီအနှစ်သာရ အပြင် ဒီမိုကရေစီယဉ်ကျေးမှုများနဲ့ အလှမ်းဝေးနေဆဲဖြစ်ခဲ့တာ တွေ့ရှိရပါတယ်။ ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက် ဖော်ဆောင်မှုတွေကနေ ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်း ဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။ မြန်မာနိုင်ငံရဲ့ ဒုတိယအကြိမ်မြောက် ဒီမိုကရေစီအစိုးရသက်တမ်းကာလမှာ တစ်ခါတုန်းက မြန်မာ့သမိုင်းထဲကလို တိုင်းတစ်ပါးသားများအပေါ် ယုံကြည်ကိုးစားမှု လွန်ကဲခြင်းတွေကြောင့် တိုင်းပြည်ဘဏ္ဍာတွေဆုံးရှုံးခဲ့ရသလို မဖြစ်မနေ ထိန်းသိမ်းရမယ့် ပြည်တွင်းရေး လျှို့ဝှက်ချက်တွေကိုလည်း အလွယ်တကူ ပေါက်ကြားစေခဲ့ပါတယ်။ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခွင့်ရခဲ့ကြတဲ့ အစိုးရအာဏာပိုင်တွေကအစ ဒီမိုကရေစီကျင့်စဉ်ကို လွဲမှားစွာ ကျင့်သုံးခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာလည်း အဲဒီအချိန်က အစိုးရရဲ့ မဲမသမာမှုလုပ်ရပ်များဟာ အလွန်အကျည်းတန်စွာ မြန်မာ့သမိုင်းစဉ်မှာ အမည်းစက်ကြီးအဖြစ် ကျန်ရစ်ခဲ့တာ အားလုံးသိပြီး ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ ရေရှည်အကျိုးကိုမျှော်ကိုးပြီး နိုင်ငံတော်အပေါ် ကျရောက်လာတဲ့ ဘေးအန္တရာယ်အရပ်ရပ်ကို ကာကွယ်ဖို့ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူကြောင်း အလေးအနက် ပြောကြားလိုပါတယ်။ ၂၀၂၁ ခုနှစ်မှာ မမျှော်လင့်ဘဲဖြစ်ပေါ်ခဲ့ရတဲ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်မှာ တချို့သော EAO များအနေနဲ့ NCA မှာ လက်မှတ်ရေးထိုးထားရှိခဲ့တဲ့ ကတိကဝတ်များကို ဖောက်ဖျက်ပြီး NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့တို့ကို တစ်ဖက်လှည့်နည်းနဲ့ ထောက်ခံအားပေးခဲ့ပါတယ်။ အဲဒီအကြမ်းဖက်အဖွဲ့များရဲ့ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေကိုလည်း ထောက်ပံ့မှုမျိုးစုံပေးပြီး အားပေးအားမြှောက်တွေပြုခဲ့ကြပါတယ်။ ဒါကြောင့်ပဲ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုတွေ အားနည်းခဲ့ရပြီး ပြည်သူလူထုဟာလည်း အကြောက်တရားများနဲ့ ကျီးလန့်စာစားတဲ့ ဘဝကို ရောက်ရှိခဲ့ကြရပါတယ်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှာ စတင်ခဲ့တဲ့ MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေကလည်း ပြည်သူများရဲ့ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါတယ်။ ဒီမတိုင်မီမှာလည်း KNPP၊ KNDF၊ PNLO၊ KIA နဲ့ KNU လက်နက်ကိုင်သောင်းကျန်းသူများဟာ နယ်မြေဒေသအသီးသီးမှာ အဖျက်အမှောင့် လုပ်ရပ်များစွာကို ဆောင်ရွက်ခဲ့ကြပါတယ်။ အကျိုးဆက်ကတော့ အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါတယ်။ အဲဒီလိုအကြမ်းဖက်မှုတွေရဲ့ နောက်ကွယ်မှာ အမျိုးမျိုးသော ပံ့ပိုးမှုတွေ အဓိကပါဝင်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကို ကျွန်တော်တို့အစိုးရက မှန်ကန်စွာ ရှုမြင်ပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို မထိခိုက်အောင် ကာကွယ်နိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

နိုင်ငံတစ်ခုတိုးတက်စေဖို့အတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ ကာကွယ်ရေး မောင်းနှင်အားများ ကောင်းမွန်နေဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးအရ အားကောင်းပြီး စီးပွားရေးနှင့် ကာကွယ်ရေးအပိုင်းမှာ အားနည်းနေလို့မရပါဘူး။ နိုင်ငံရေးအားကောင်းဖို့အတွက် ဦးဆောင်ကြသူများက စနစ်တကျ မှန်ကန်စွာဖြင့် ဦးဆောင်ပေးကြရမှာဖြစ်သလို နိုင်ငံသားအားလုံးကလည်း မိမိတို့နိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်မှုရှိကြဖို့လိုပါတယ်။ နိုင်ငံစီးပွားရေးကောင်းမွန်လာဖို့အတွက် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ကြမှသာ တစ်ဦးချင်းကြွယ်ဝချမ်းသာခြင်းကနေ နိုင်ငံစီးပွားရေး ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ စီးပွားရေးအား ကောင်းမွန်မှသာ နိုင်ငံရဲ့ကာကွယ်ရေးအားလည်း တိုးတက်ကောင်းမွန်နိုင်မှာ ဖြစ်ပါတယ်။ တပ်မတော်ကို စတင်ဖွဲ့စည်းစဉ်ကတည်းက ပြည်ပရန် ကာကွယ်ရေးအတွက်သာဖြစ်ပြီး ပြည်တွင်းလုံခြုံရေးအတွက်မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်ရဲ့ ပြည်တွင်းလုံခြုံရေး အခြေအနေအရ အစိုးရက တာဝန်ပေးအပ်မှသာ ပြည်တွင်းလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ရခြင်း ဖြစ်ပါတယ်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

မြန်မာ့တပ်မတော်အနေနဲ့ လွတ်လပ်ရေးရပြီးစ ဖဆပလအစိုးရခေတ်ကတည်းကနေ ဒီနေ့အချိန်အထိ ကာကွယ်ရေးနဲ့ ပြည်တွင်းလုံခြုံရေးကို တာဝန်ပေးချက်အရ ပူးတွဲဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ နိုင်ငံတော် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပေးအပ်လာတဲ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့တာကို သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တပ်မတော်တစ်ခုတည်းမှာပဲ အပြည့်အဝတာဝန်ရှိတယ်လို့ မမှတ်ယူကြဘဲ ပြည်သူများရဲ့အားနဲ့ စစ်မှန်တဲ့ ပူးပေါင်းပါဝင်မှုအားတို့လည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အထူးသတိကြီးစွာ ပြင်ဆင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ယနေ့ကာလမှာ အင်အားကြီးနိုင်ငံများရဲ့ အားပြိုင်မှုတွေ၊ အင်အားငယ်တဲ့နိုင်ငံများအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုတွေ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေအငြင်းပွားမှုတွေ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ပြည်တွင်းရေးမငြိမ်မသက်မှုတွေဟာ ကမ္ဘာ့နေရာအနှံ့အပြားမှာ ဖြစ်ပွားလျက်ရှိတာကို တွေ့ရပါတယ်။ ဒီလိုပြဿနာများနဲ့ ပဋိပက္ခများကို ဖြေရှင်းရာမှာ အချို့ဒေသများမှာဆိုရင် ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေအထိ ဖြစ်ပေါ်အောင် ဖန်တီးနေတာတွေ့ရပါတယ်။ ကမ္ဘာ့နိုင်ငံ အများစုကလည်း နိုင်ငံအလိုက်အင်အားစုရရှိရေး ဒေသဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်းပြီး နိုင်ငံရေး၊ စီးပွားရေးစတဲ့ ကဏ္ဍအစုံမှာ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ဒါပေမဲ့ နိုင်ငံတိုင်းကတော့ မိမိနိုင်ငံရဲ့ အကျိုးစီးပွားပေါ်မှာသာ ခိုင်ခိုင်မာမာရပ်တည်ပြီး ဦးစားပေးလုပ်ဆောင်နေတာကို သတိပြုမိကြဖို့ လိုပါတယ်။ လတ်တလောဖြစ်ပွားခဲ့တဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေရဲ့ ပြည်တွင်းရေးပဋိပက္ခနောက်ကွယ်တွေမှာ ဘယ်နိုင်ငံတွေက ဘယ်လိုပါဝင်ပတ်သက်ခဲ့ပြီး တစ်ကျော့ပြန်ခေတ်သစ်ကိုလိုနီနယ်ချဲ့မှုတွေ ဖန်တီးနေတယ်ဆိုတာကို ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး သတိထားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

> ❝ တာဝန်ယူချိန်ကတည်းက အခက်အခဲများစွာကြားကပဲ ဦးစားပေးလုပ်ဆောင်ရမယ့်တာဝန်တွေကို အဆင့်လိုက်ချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ ယနေ့မှာဆိုရင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူတဲ့အဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူပြီး ကျွန်တော်တို့အာမခံထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရွေးကောက်ပွဲမှာ ပါတီစုံပါဝင်နိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး နယ်မြေဒေသအလိုက် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ လုံခြုံရေးအခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲကာလများမှာ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေများကိုတွက်ဆပြီး လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်သလို သက်ဆိုင်ရာ EAO များကလည်း ပူးပေါင်းပါဝင်ပေးကြဖို့ ပြောကြားလိုပါတယ် ❞

ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေနဲ့ နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးမှုရှိအောင် ဆောင်ရွက်ရာမှာ နိုင်ငံတိုးတက်စေဖို့အတွက် အဓိကကျတဲ့ စီးပွားရေးကဏ္ဍများကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ပြည်တွင်းမှာ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံတို့ကို ဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ဖန်တီးဆောင်ရွက်နေကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ နိုင်ငံငယ်များအနေဖြင့် မိမိနိုင်ငံအတွင်းမှာရှိတဲ့ သယံဇာတနဲ့ အရင်းအမြစ်များရဲ့ စွမ်းအားကို အသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ ကိုယ်ပိုင်အရင်းအမြစ်နည်းပါးတာနဲ့အမျှ စီးပွားရေးထိခိုက်ပြီး အခြားကဏ္ဍအစုံမှာပါ အားနည်းလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ဖို့အတွက် အရင်းအမြစ်ကောင်းများ ရှိထားပါတယ်။ ကမ္ဘာပေါ်မှာ ကြုံတွေ့လာနေတဲ့ စားနပ်ရိက္ခာလုံခြုံရေးကို ပံ့ပိုးပေးနိုင်သော နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခံထားရပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ အခြားသော ကြေးနီ၊ သံ၊ ခဲမဖြူစတဲ့ သတ္တုပစ္စည်းများလည်း ထွက်ရှိနေတာကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလိုနိုင်ငံတော်ရဲ့ သယံဇာတများနဲ့ စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကိုအသုံးချပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့သာ လိုအပ်ပါတယ်။ စီးပွားရေးထိခိုက်အောင် ဆောင်ရွက်နေမှုများကိုလည်း ကျော်လွှားကြရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ကာလမှာ ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့အတူ စီးပွားရေးထိခိုက်မှုတွေက မလွှဲမရှောင်သာ ကပ်ပါလာခဲ့ပါတယ်။ ကိုဗစ်အလွန်ကာလ ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့နိုင်ငံရေး ပွတ်တိုက်မှုဖြစ်စဉ်တွေကြောင့် စွမ်းအင်လောင်စာပြဿနာတွေပေါ်ပေါက်ခဲ့ပြီး အခုဆိုရင်လည်း တချို့နိုင်ငံတွေမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ နိုင်ငံရေးမတည်ငြိမ်မှုတွေရဲ့ အဆုံးသတ်မှာ စီးပွားရေးအကျပ်အတည်းဖြစ်စေမှုဆီ ဦးတည်လေ့ရှိတာကြောင့် ပြည်ပ နယ်ချဲ့အင်အားကြီးနိုင်ငံတွေဟာ ကြိုတင်ဖန်တီးပြီး သူတို့အကျိုးကို ဖန်တီးနေကြခြင်းပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ပအမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ လူသားအရင်းအမြစ်တွေ ပိုင်ဆိုင်လာအောင် ကြိုးစားနိုင်မှသာ ကိုယ့်နိုင်ငံ ကိုယ့်သယံဇာတတွေနဲ့ ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မှာဖြစ်ပါတယ်။ အဲဒီလိုအနာဂတ်နိုင်ငံတော်ကြီး ပေါ်ပေါက်စေဖို့ မတူကွဲပြားမှုတွေကို ငြိမ်းချမ်းရေးစားပွဲဝိုင်းတွေမှာ စုပေါင်းအဖြေရှာမယ်၊ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုပြီး NCA စာချုပ်ကြီး ဖြစ်မြောက်ပေါ်ပေါက်လာအောင် ကြိုးစားခဲ့ကြလို့ အခုလိုငြိမ်းချမ်းရေးလမ်းကြောင်းပေါ်ကို ရောက်ရှိခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်တွင်းပြည်ပ အတိုက်အခိုက် အဖျက်အမှောင့်တွေကြားကပဲ နိမ့်ကျနေတဲ့ စီးပွားရေးကို ပြန်လည်မြင့်တက်လာအောင်နဲ့ အခြားသောပညာရေး၊ ကျန်းမာရေးနဲ့ လယ်ယာကုန်ထုတ်လုပ်ငန်းများကို ကဏ္ဍအသီးသီး တိုးတက်မှုရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံ့တာဝန်ကို စတင်ယူခဲ့ချိန်ကတည်းက ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင်လည်း NCA လမ်းကြောင်းအတိုင်း သွားမှာဖြစ်ပြီး NCA သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်သွားမယ်ဆိုတာကို အတိအလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ တာဝန်ယူချိန်ကတည်းက အခက်အခဲများစွာကြားကပဲ ဦးစားပေးလုပ်ဆောင်ရမယ့်တာဝန်တွေကို အဆင့်လိုက်ချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ ယနေ့မှာဆိုရင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူတဲ့အဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူပြီး ကျွန်တော်တို့ အာမခံထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရွေးကောက်ပွဲမှာ ပါတီစုံပါဝင်နိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး နယ်မြေဒေသအလိုက် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ လုံခြုံရေးအခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲကာလများမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေများကိုတွက်ဆပြီး လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်သလို သက်ဆိုင်ရာ EAO များကလည်း ပူးပေါင်းပါဝင်ပေးကြဖို့ပြောကြားလိုပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ချမှတ်ထားတဲ့ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါအတိုင်း ကဏ္ဍအလိုက် ဟန်ချက်ညီ ရှေ့ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိမှသာ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ မှန်ကန်တဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နဲ့ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်တို့ကိုအထူးအလေးထားပြီးအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းတည်ငြိမ်အေးချမ်းဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ဆိုတာ တပ်မတော်တစ်ဖက်တည်းကနေပဲ လုံ့လစိုက်နေလို့မရပါဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုတဲ့ အသိတရားနဲ့ ထားရှိပြီးသား ကတိကဝတ်တွေကို အလေးထားလိုက်နာ ပူးပေါင်းဆောင်ရွက်ကြမှသာ ကျွန်တော်တို့အားလုံး သွားချင်တဲ့ပန်းတိုင်ကို လျင်မြန်စွာရောက်ရှိမှာဖြစ်ပါတယ်။

> ❝ လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့လိုလားချက်ကို တောင်းဆိုလို့မရဘဲ နိုင်ငံရေးစားပွဲဝိုင်းကို ရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းနဲ့သာ ပဋိပက္ခတွေကို ပြေလည်စေမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တောင်းဆိုမှုတွေအပေါ် လိုက်လျောဖြေရှင်းပေးသွားမှာမဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အားလုံး "မြန်မာ" ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ရှေ့ကိုချီတက်ကြတဲ့နေရာမှာ NCA ကို လေးစားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာလည်း ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့စိတ်နဲ့ အချင်းချင်းပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနဲ့ ချမှတ်ထားပြီးသား ကတိကဝတ်များကို လိုက်နာစောင့်ထိန်းသွားကြဖို့လိုပါတယ် ❞

မလိုလားအပ်တဲ့ လက်နက်ကိုင်လမ်းစဉ်တွေကြောင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့ရပါတယ်။ အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ်များနဲ့ ရဟန်းသံဃာများပါမကျန် သေဆုံးခဲ့ကြရတာတွေဟာ တိုင်းပြည်ရဲ့နစ်နာမှုတွေပဲဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို သစ္စာမဲ့၊ အသိဉာဏ်အားနည်းတဲ့ ကိုယ့်နိုင်ငံသားများကသာ ပြည်ပက မြောက်ထိုးပံ့ပိုးမှုများနဲ့ ဖျက်ဆီးနေခြင်းဖြစ်ပါတယ်။ ဒီလိုပြည်ပ ပယောဂတွေ လွှမ်းမိုးနေတဲ့ အကြမ်းဖက်မှုတွေ လျော့ပါးစေဖို့ တိုင်းပြည်ကာကွယ်ရေး စွမ်းအားတွေ တောင့်တင်းခိုင်မာစေဖို့အတွက် ကျွန်တော့်အနေနဲ့ ၂၀၁၀ ပြည့်နှစ်ကတည်းက ပြဋ္ဌာန်းထားခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီး နိုင်ငံတော်လုံခြုံရေးကဏ္ဍကို တိုးမြှင့်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူများအားလုံးပါဝင်တဲ့ ပြည်သူ့လုံခြုံရေးစနစ်အတွက်လည်း ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုတွေ ဆောင်ရွက်ပေးနိုင်ခဲ့တာကြောင့် ပြည်သူအားလုံးဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် ကိုယ်စီကိုယ်စီ တာဝန်ရှိကြတယ်ဆိုတဲ့ အသိခံယူချက်ကို ရရှိစေမှာဖြစ်ပါတယ်။

အကြမ်းဖက်သောင်းကျန်းသူများရဲ့ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများဟာ နိုင်ငံရေးကိုအကြောင်းပြပြီး လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်နေကြခြင်းသာဖြစ်ပါတယ်။ သူတို့အနေနဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ဖို့ထက် တသီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာကြတာကို တွေ့ရှိရပါတယ်။ လူငယ်လူရွယ်တွေကို မူးယစ်ဆေးဝါးတွေနဲ့ သိမ်းသွင်းမြူဆွယ်ပြီး စစ်ပွဲထဲ အတင်းအဓမ္မရောက်ရှိစေခဲ့ကြပါတယ်။ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်တွေသာမက လမ်းတံတားအဆောက်အအုံတွေ၊ ဆေးရုံနဲ့စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အအုံတွေပါမကျန် ဖျက်ဆီးခဲ့ကြတာကို အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ အဲဒီလိုမင်းမဲ့စရိုက်ဆန်တဲ့ ပြုမူမှုတွေကြောင့် ပြည်သူလူထုအနေနဲ့ အကြမ်းဖက်လုပ်ရပ်တွေအပေါ် ရွံရှာမုန်းတီးနေပြီး တပ်မတော်နဲ့အတူ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းတွေအပေါ်မှာ တက်ကြွစွာ ပူးပေါင်းပါဝင်လာခဲ့ကြပါတယ်။ ဆက်လက်ပြီးတော့လည်း တပ်မတော်အနေနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို နှိမ်နင်းဖို့လိုအပ်တဲ့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာတွေကို ထပ်မံဆောင်ရွက်မှာဖြစ်တာကြောင့် ပြည်သူများအနေနဲ့ အကြမ်းဖက်သမားတွေရဲ့ အသုံးချမှုမခံရအောင် သတိပြုကြဖို့ကိုလည်း ကျွန်တော့်အနေနဲ့ ထပ်မံအသိပေးပြောကြားလိုပါတယ်။

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

ကျွန်တော်တို့ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိစေဖို့အတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုတွေ့ဆုံမှုတွေကနေရရှိလာတဲ့ သဘောထားမှတ်ချက်တွေကို Union Accord အဖြစ် မှတ်တမ်းတင်ထားရှိခဲ့ပါတယ်။ NCAကနေတစ်ဆင့်လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပပျောက်သွားမှသာ ကျွန်တော်တို့ စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၄ မှ

မျှော်မှန်းထားတဲ့ ပန်းတိုင်ကို အရောက် သွားနိုင်မှာ ဖြစ်ပါတယ်။ အားလုံး အတူတကွ မြန်မာဆိုတဲ့စိတ်နဲ့ ရှေ့ဆက်ကြဖို့ပဲလိုပါတယ်။ ဒီလိုမဟုတ်ဘဲ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်တွေကို အားပေးထောက်ခံပြီး မိမိတို့နိုင်ငံသားချင်း သွေးမြေကျအောင် ကြံစည်ဆောင်ရွက်နေတဲ့ ပြည်ပနိုင်ငံတွေရဲ့ သွေးထိုးမြှောက်ပင့်မှုတွေအပေါ် ယုံစားနေကြဦးမယ်ဆိုရင် ကျွန်တော်တို့သွားလိုတဲ့ အနာဂတ်နိုင်ငံတော် ခရီးဟာ အလှမ်းဝေးနေဦးမှာပဲ ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ဟာ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံများရဲ့ ဩဇာလွှမ်းမိုးချုပ်ကိုင်လိုတဲ့အတွက် ပြည်တွင်း မတည်မငြိမ်ဖြစ်အောင် ဖန်တီးပုံဖော်နေခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားတဲ့ လူမျိုးစုများအကြား စည်းလုံးမှုမရှိအောင် နည်းလမ်းအမျိုးမျိုးနဲ့ သွေးခွဲမှုတွေ လုပ်ဆောင်နေတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကာကွယ်ရေး စွမ်းအား လျော့ပါးလာအောင် နိုင်ငံရေး အရရော စီးပွားရေးအရပါ မတည်မငြိမ် ဖြစ်အောင် ဖန်တီးနေတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပြောကြားလိုတာက တော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်း မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး အားလုံးဟာ ရေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်း သောက်ခဲ့ကြတဲ့ ညီအစ်ကိုအရင်းတွေ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ကြုံတွေ့လာရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို လက်ချင်းချိတ်ပြီး ရင်ဆိုင်ဖြေရှင်းခဲ့ကြတဲ့ သူများဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ အင်အားကြီးနိုင်ငံများရဲ့ အကျိုးစီးပွား အတွက် မိမိတို့ နေထိုင်ရာဒေသကို ပြန်ဖျက်ဆီးနေမယ့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာ နိုင်ငံတော်ရဲ့အကျိုး အတွက် အားလုံးက အရှည်ကိုမြော်တွေးပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။ ကျွန်တော်တို့အချင်းချင်း သွေးကွဲပြီး ရန်စောင်နေကြမယ်ဆိုရင် နိုင်ငံတော်ရဲ့ စွမ်းအားတွေ လျော့နည်းပြီး သူတစ်ပါး အလိုကျ လိုက်ပါဆောင်ရွက်ကြရတဲ့ လူမျိုးတွေအဖြစ် သမိုင်းမှတ်တမ်း ကျန်ရစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့် အနေနဲ့ ဒီနေ့အချိန်အခါမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေနဲ့ တပ်မတော်က ဆောင်ရွက်နေတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များမှာ ဝိုင်းဝန်းပူးပေါင်း ပါဝင်ပြီး မိမိတို့ရဲ့ လိုလားချက်များကို တွေ့ဆုံဆွေးနွေးမှုများကနေ ညှိနှိုင်းကြဖို့၊ တောင်းဆိုကြဖို့ တိုက်တွန်းပြောကြား လိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

နိဂုံးချုပ်အနေနဲ့ပြောရရင် လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့လိုလားချက်ကို တောင်းဆိုလို့မရဘဲ နိုင်ငံရေး စားပွဲဝိုင်းကို ရောက်လာပြီး ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းနည်းနဲ့သာ ပဋိပက္ခတွေကို ပြေလည်စေမှာဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လက်နက်ကိုင်အကြမ်းဖက် တောင်းဆိုမှုတွေအပေါ် လိုက်လျော ဖြေရှင်းပေးသွားမှာ မဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့ အားလုံး **"မြန်မာ"**ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ရှေ့ကိုချီတက်ကြတဲ့နေရာမှာ NCA ကို လေးစားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာလည်း ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားတဲ့စိတ်နဲ့ အချင်းချင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနဲ့ ချမှတ်ထားပြီးသား ကတိကဝတ်များကို လိုက်နာစောင့်ထိန်းသွားကြဖို့ လိုပါတယ်။ သန်းခေါင်စာရင်းကောက်ယူပြီး ဖြစ်ပေါ်လာမယ့် ရွေးကောက်ပွဲဆိုင်ရာ အကြိုလုပ်ငန်းစဉ်ကဏ္ဍများမှာ EAO များရော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကပါ လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်များ ထားရှိပြီး ကိုယ်စီကိုယ်စီ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့နဲ့ နိုင်ငံ့သားကောင်းစိတ်ဓာတ်တို့ကို ပြသကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြတဲ့ အကြမ်းဖက်သမားများ အလုံးစုံချုပ်ငြိမ်းအဆုံးသတ်သွားနိုင်ရေးအတွက် အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

❖ ❖❖❖❖

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာနၛ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြားသည်။



**တက်ရောက်**

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က NCA (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကား ပြောကြားသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့် နှစ်ပတ်လည်နေ့ကျင်းပ ဆောင်ရွက်ခဲ့မှုများကို Video Clip ဖြင့် အကျဉ်းချုံးရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် NCA လက်မှတ်ရေးထိုးပွဲ၌ ပါဝင်ခဲ့ကြသော အသိသက်သေများဖြစ်ကြသည့် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးအောင်မင်း၊ UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးသိန်းဇော်၊ NCA တွင် ပါဝင်ခဲ့သူများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ဦးဇိုဇမ်နှင့် ဦးကိုကိုကြီး၊ JMC-U ဒုတိယဥက္ကဋ္ဌ (၂) ဦးစိုင်းမျိုးသန့်၊ JMC-U အဖွဲ့ဝင် ဦးပြည့်စုံနှင့် CPR မှ ဦးလှမောင်ရွှေတို့က NCA အထိမ်းအမှတ် အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့မှ ခေါင်းဆောင်များက NCA အထိမ်းအမှတ် အမှတ်တရစကားများ ပြောကြားကြသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ NCA စာချုပ်လက်မှတ်ရေးထိုးခဲ့စဉ်က ကိုယ်တိုင်ပါဝင် လက်မှတ်ရေးထိုးခဲ့ကြသော ပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပံ့ပိုး ကူညီပေးခဲ့ကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များအား NCA (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြု လက်ဆောင်များကို ပေးအပ်ချီးမြှင့်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် အစီအစဉ်အား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေ့လာဆန်းစစ်ပြုစုတင်ပြရေးအဖွဲ့ လေးဖွဲ့မှ ပြုစုထားသော စာတမ်း လေးစောင်ဖြစ်သည့် **"ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် လက်ရှိနိုင်ငံရေး အခင်းအကျင်းနှင့် လိုက်လျောညီထွေဖြစ်မည့် ရွေးကောက်ပွဲစနစ် ကျင့်သုံးအကောင်အထည်ဖော်နိုင်ရေး"၊ "ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြား အာဏာခွဲဝေကျင့်သုံးမှုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များ ရွေးချယ်ခန့်ထားခြင်း"၊ "ပြည်ထောင်စုစနစ်ခိုင်မာစေရေးနှင့် တိုင်းရင်းသားရေးရာဆိုင်ရာများ"** နှင့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ"**တို့အား အကျဉ်းချုပ် ဆွေးနွေးတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့မှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များက **"အနာဂတ် မြန်မာနိုင်ငံတော်ကို ပုံဖော်ခြင်း"** ခေါင်းစဉ်ဖြင့် လက်ရှိနိုင်ငံရေး အခြေအနေနှင့် ရွေးကောက်ပွဲကျင်းပရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ် အခြေခိုင်မာရေး၊ လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရှိန်အဟုန်ဖြင့် ဆက်လက်ဖော်ဆောင်နိုင်မည့် လမ်းကြောင်းများကို ဖော်ထုတ်နိုင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်နှင့် နည်းလမ်းများ စသည်တို့နှင့် ပတ်သက်ပြီး သဘောထားအမြင်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားများအား စုစည်းကောက်နုတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆွေးနွေးပွဲ တက်ရောက်လာကြသူများ၏ ပါဝင်ဆွေးနွေး ပြောကြားချက်များ အပေါ် ကျေးဇူးတင်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအလိုက် ဒေသဆိုင်ရာ အချက်အလက်များ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး အတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အတူတကွ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အခြားဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### အမှာစကားပြောကြား

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရစဉ်ကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပြီး အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏ အာဏာလွှဲပြောင်းပေးအပ်ရေးပင်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း ကြိုးပမ်း ပြင်ဆင်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးသည် အရေးကြီးမှု၊ နယ်မြေလုံခြုံရေးနှင့် ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍ မရှိသဖြင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှသာ လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်သည့် အခြေအနေများ၊ ပြည်သူ့ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရန် လိုအပ်သည့် အခြေအနေများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်းနှင့် မြို့နယ်များ၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့

ကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည်ဖြစ်သည့် အခြေအနေများ။

ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအလိုက် စနစ်တကျဖွဲ့စည်းထားရန်၊ ပြည်သူအားလုံး ပါဝင်ပူးပေါင်း လာစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ ထို့ပြင် အဆိုပါအဖွဲ့ဝင်များ အနေဖြင့် လုံခြုံရေးအသိအမြင်များ အမြဲမပြတ်ရှိနေရန် လိုအပ်သည့်အခြေအနေများ၊ အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှုမရှိစေရေးတို့အတွက် သက်ဆိုင်ရာဘဝလုံခြုံရေးအတွက်သက်ဆိုင်ရာ တာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့် ကြပ်မတ်ဆောင်ရွက်နေရန် လိုအပ်သည့် အခြေအနေများ။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပျက်စီးဆုံးရှုံးနိုင်သည့် သီးနှံများအတွက် အချိန်မီအစားထိုးပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များအပြင် အခြားလိုအပ်သည်များကိုလည်း စီမံဆောင်ရွက်ထားရန် လိုအပ်သည့် အခြေအနေများ၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ စာရင်းကောက်ယူခြင်းမှ ရရှိလာသည့် ရလဒ်များသည် နိုင်ငံအတွက်အရေးပါသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရမည့် တာဝန်ရှိအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အထောက်အကူပြုနိုင်ရန်နှင့် နိုင်ငံ၏ ပကတိအခြေအနေကို ရရှိရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရရှိသည့်အချက်အလက်များသည် ပြည်သူတစ်ဦးချင်းမှစ၍ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အကျိုးကျေးဇူး ရရှိနိုင်မည် ဖြစ်သည့်အတွက် ပြည်သူများကလည်း ယခုထက် ပိုမိုပါဝင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်မှု အခြေအနေဖြင့် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်စွာ ကောက်ယူနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုပ်အားဒါနဖြင့် တာဝန်ယူကောက်ခံနေကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက သတ်မှတ်ကောက်ကွက်များအလိုက်အတတ်နိုင်ဆုံး ပြည့်မီအောင် ကြိုးပမ်းကောက်ယူသွားကြရန်နှင့် စာရင်းကောက်ယူရာတွင် လိုအပ်သည့် အခြေခံ အချက်အလက်များကို ပြည်သူများက ပြည့်စုံမှန်ကန်စွာ ဖြေကြားနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးပေးခြင်းဖြင့် အသိပညာ၊ ဗဟုသုတများ မျှဝေပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားပြီး အခြားလိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

စာမျက်နှာ ၇ သို့ ○

* **သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ စာရင်းကောက်ယူခြင်းမှ ရရှိလာသည့် ရလဒ်များသည် နိုင်ငံအတွက်အရေးပါသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရမည့် တာဝန်ရှိအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အထောက်အကူပြုနိုင်ရန်နှင့် နိုင်ငံ၏ ပကတိအခြေအနေကို ရရှိရေးရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရရှိသည့်အချက်အလက်များသည် ပြည်သူတစ်ဦးချင်းမှစ၍ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်သည့်အတွက် ပြည်သူများကလည်း ယခုထက် ပိုမိုပါဝင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်းသိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

❍ စာမျက်နှာ ၆ မှ

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု ဂုဏ်ပြုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဝန်းသိုတပ်နယ် စားရိပ်သာတွင် စစ်သည်များ နေ့လယ်စာ စားသုံးနေမှုကို ကြည့်ရှုစဉ်။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံ တပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများ၊ ရောဂါကုသ ပျောက်ကင်းသက်သာမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းကာ အားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

**သွားရောက်တွေ့ဆုံ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဝန်းသိုတပ်နယ်ရှိအရာရှိ၊ စစ်သည်၊ ရဲမေများနှင့် မိသားစုဝင်များအား သီးခြားစီ သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီးသည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တာဝန်ရှိသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။

များ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်အားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု "ဖန်ခါးမြေ" ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနက ဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင်ဇာတ်စာ၊ဇာတ်စကား၊ ဆို၊ ငို၊ ပြော ပညာရပ်များနှင့် ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

"မဟာဇနက" ဇာတ်တော်ကြီး ပြိုင်ပွဲကို တင်ဆက်ရာတွင် ဝီရိယ၏ စွမ်းအားသည် အထွတ်အထိပ်သို့ ရောက်တတ်စေခြင်း၊ သစ္စာတန်ခိုးသည် သက်မဲ့များကိုပင် ထက်မြက်စေခြင်း၊ သီလစောင့်ထိန်းမှုသည် ဆာလောင်မှုကို သည်းခံနိုင်ခြင်း၊ သူတော်ကောင်းများနှင့် ဆုံတွေ့ကာ စောင့်ရှောက်မှုခံရနိုင်ခြင်း၊ ဉာဏ်ပညာသည် ဘုန်းတန်ခိုးကို ပိုမိုထက်မြက်စေခြင်း၊ ကာယစွမ်းအားသည်လည်း လူအများ အားထားမှုခံရခြင်း၊ မိန်းမမြတ်များသည် မိဂုဏ်ဘဂုဏ် အမျိုးဂုဏ် စောင့်အပ်ခြင်း၊ ယုံမှားသံသယသည် ကောင်းကျိုးပျက်၍ အဆိုးဘက်ရောက်အပ်ခြင်း၊ နိက္ခမပါရမီထူးကြောင့် ခုနစ်ရက်အတွင်း အဘိညာဉ်ကိုရကာ သန္တိသုခရရှိခြင်းစသည့် အနှစ်သာရများကို ခံစားရရှိနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ယှဉ်ပြိုင်ကပြခြင်းဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မဟာဧရာဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၅ရက်တွင်မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဖန်ခါးမြေဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြုဇာတ်တော်ကြီး အဖွဲ့များက သတ်မှတ်ရက်များ အလိုက် ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ လေ့လာရေးခရီးသွားရောက်

နေပြည်တော် အောက်တိုဘာ ၁၅

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) တပ်မတော် ဆေးတက္ကသိုလ် ဆေးပညာဘွဲ့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၇)၊ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)တို့မှ ဗိုလ်လောင်းများသည် နည်းပြအုပ်ချုပ်သူများ လိုက်ပါ၍ အောက်တိုဘာ ၇ ရက်မှ ယနေ့အထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် နေပြည်တော်ကောင်စီနယ်မြေများသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ယင်းမြို့များရှိ အထင်ကရနေရာများ၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာကြကာ တန်ခိုးကြီးဘုရားစေတီများအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ လေ့လာခဲ့ကြရာတွင် မိတ္ထီလာမြို့ရှိတပ်မတော်စက်ရုံများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ဆေးရုံများသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူများက ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ရှင်းလင်းပြောကြားသည်။

အဆိုပါဗိုလ်လောင်းအဖွဲ့များသည်လေ့လာရေးကာလအတွင်း၌ မိတ္ထီလာမြို့ရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများကို လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ဇေယျဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား



ပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်ကို လည်းကောင်း သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ တာဝန်ရှိသူများ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအကပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## တက်ရောက်အားပေး

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ Plenary Hall ၌ ကျင်းပသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲသို့တက်ရောက်ပြီး ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာအသုံးပြု၍ ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် Signing Room ၌ ကျင်းပသည့် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲဝင်များက "ပန်းတသင်းသင်း" (ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ News Briefing Room ၌ ကျင်းပသည့် စန္ဒရားအတီးပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲဝင်များက "သောင်းသောင်းညံ" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမအမွေအနှစ်များ ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့် လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ ဂုဏ်သိက္ခာကို အလေးထား၊ တန်ဖိုးထားထိန်းသိမ်းရန်အတွက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့်နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိသည်။

သတင်းစဉ်

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့မြင်ကွင်း



အိုးစည်တီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟာဇနက"ဇာတ်တော်ကြီးဖြင့် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ဖန်ခါးမြေဇာတ်တော်ကြီးအဖွဲ့က ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည့် ပရိသတ်များကို တွေ့ရစဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး အဆိုပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာ ယှဉ်ပြိုင်စဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများ

တွေ့ဆုံမေးမြန်း-နန္ဒကျော်စွာ
ဓာတ်ပုံ-ကိုထိန်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-



ဗိုလ်မှူးကြီးဝဏ္ဏအောင်



ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)



ဦးလှမောင်ရွှေ



ဒေါက်တာအေးမောင်



စောမြရာဇာလင်း



ဦးကိုကိုကြီး

**ဗိုလ်မှူးကြီးဝဏ္ဏအောင်**
**အဖွဲ့ဝင်**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ**

NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲထားတာ မဟုတ်ဘဲ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား ဆွေးနွေးညှိနှိုင်းပြီး သဘောတူ ရေးဆွဲထားတာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားပြီး နိုင်ငံတကာနဲ့ ပြည်တွင်းအသိသက်သေတွေ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့အတွက် မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိဘဲ တည်ရှိနေမယ့် သမိုင်းဝင် စာချုပ်ပဲဖြစ်ပါတယ်။

NCA ရဲ့ အနှစ်သာရက ဒိုတာဝန်အရေး (၃)ပါးကို ရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနဲ့အညီ တည်ဆောက်သွားဖို့ပဲဖြစ်ပါတယ်။ NCA မှာပါရှိတဲ့ အနှစ်သာရတွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်ဖို့အတွက် NCA နှစ်ပတ်လည်နေ့ အခမ်းအနားတွေကို နှစ်စဉ်ကျင်းပရခြင်းဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ စိတ်ဆန္ဒရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဆွေးနွေးဖို့ အစဉ်အမြဲ ဖိတ်ခေါ်လျက်ရှိပြီး တွေ့ဆုံဆွေးနွေးမှုတွေကို NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ် မရေးထိုးထားသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့၊ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်တွေနဲ့ ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ အခုအချိန်ထိ တွေ့ဆုံဆွေးနွေးမှု (၁၄၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဆွေးနွေးတဲ့ အကြောင်းအရာတွေက ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အကြမ်းဖက်လုပ်ရပ်များအား အားပေးကူညီမှုမပြုရေး၊ မူးယစ်ဆေးဝါး၊ လက်နက်/ခဲယမ်းနဲ့ တရားမဝင်လုပ်ငန်းများအား ရောင်းဝယ်ခြင်း၊ ပါဝင်ပတ်သက်ခြင်းမပြုလုပ်ရေး၊ အမှန်တကယ်လိုအပ်နေသော နေရာဒေသများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှာ ပြင်ဆင်၊ ဖြည့်စွက်ဖို့ လိုအပ်မယ့်ကိစ္စရပ်တွေကို လွှတ်တော်နဲ့ NCA လမ်းကြောင်းတွေက ပြဋ္ဌာန်းချက်စည်းကမ်းနဲ့အညီ ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါတယ်။

ဒီမိုကရေစီနိုင်ငံတွေမှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရတစ်ရပ် ပေါ်ထွန်းလာဖို့အတွက် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ အဓိကဖြစ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ မဲဆန္ဒရှင်ပြည်သူတွေကလည်း ဆန္ဒမဲပေးရာမှာ ခြိမ်းခြောက်ခံရမှု၊ စိုးရိမ်မှု၊ အနှောင်အဖွဲ့ရှိမှုများ မရှိဘဲ လွတ်လပ်ခြင်း၊ တရားမျှတခြင်းတို့နဲ့ မဲပေးနိုင်ခွင့်ရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် NCA လက်မှတ်ရေးထိုးထားတဲ့ EAO တွေ၊ NCA လက်မှတ်မရေးထိုးထားသေးတဲ့ EAO တွေ၊ နိုင်ငံရေးပါတီတွေနဲ့ ဆွေးနွေးခဲ့ကြပြီး ဘုံသဘောတူညီချက် လေးချက် ညှိနှိုင်းရရှိခဲ့ပါတယ်။ ဒီအချက်တွေထဲက ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ အချက်အနေနဲ့ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်ရေးနဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတစွာယှဉ်ပြိုင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ အချက်ပါရှိပါတယ်။

လက်ရှိအချိန်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ပြည်တွင်းအရေးသာဖြစ်လို့ပြည်တွင်းရှိ အဓိကသက်ဆိုင်သူတွေနဲ့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းသွားမှာပဲဖြစ်ပါတယ်။ နိုင်ငံရေးနည်းလမ်းအရ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရေး NCA ကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ NCA လက်မှတ် မရေးထိုးသေးတဲ့ EAO တွေကိုလည်း Bilateral တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်များရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးထားသော EAO များ၊ NCA လက်မှတ်မရေးထိုးထားသေးသော EAO များအားလုံးကို တရားဝင် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်လာစေရေး စိတ်ရှည်စွာနဲ့ အစဉ်အမြဲဖိတ်ခေါ် တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)**
**အဖွဲ့ဝင်**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ**

ကျွန်တော်တို့ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိဖို့အတွက် လက်မှတ်ထိုးခဲ့တာ ဒီနေ့ဆို (၉)နှစ် ပြည့်မြောက်ပါပြီ။ ငြိမ်းချမ်းရေးက နိုင်ငံတော်အစိုးရ အဆက်ဆက် ကြိုးပမ်းခဲ့ကြတယ်။ NCA ပေါ်ပေါက်လာတာက သမ္မတကြီး ဦးသိန်းစိန် လက်ထက်မှာဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ နိုင်ငံမှာ ငြိမ်းချမ်းရေးရဲ့ အရသာကို အတော်ခံစားခဲ့ရပါတယ်။ တစ်တိုင်းပြည်လုံး လွတ်လွတ်လပ်လပ် သွားလာနိုင်တဲ့ အခြေအနေ၊ တစ်နိုင်ငံလုံး လွတ်လွတ်လပ်လပ် ကူးသန်းရောင်းဝယ်ပြီး ပျော်ရွှင်စရာကောင်းတဲ့ကာလ ကြုံတွေ့ရပါတယ်။ ဒါကိုတည်မြဲအောင် ဆက်လက်ကြိုးပမ်းရင်း မမျှော်လင့်တဲ့ကိစ္စတွေ ပေါ်ပေါက်လာခဲ့တယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ NCA လမ်းကြောင်းပေါ်မှာ ကျန်တဲ့အဖွဲ့တွေပါဝင်လာအောင်၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းအောင်၊ ပြည်သူတွေအားလုံး လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေထိုင်လုပ်ကိုင် စားသောက်နိုင်အောင် ကျွန်တော်တို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ဒီနေ့လို အခမ်းအနားကျင်းပနိုင်အောင် ကြိုးပမ်းကြတဲ့ NCA လက်မှတ်ရေးထိုးတဲ့ တိုင်းရင်းသားအဖွဲ့တွေ၊ ခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုဌာနက တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ မျှော်မှန်းထားတဲ့ ငြိမ်းချမ်းရေးရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

**ဦးလှမောင်ရွှေ**
**ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအဖွဲ့ (CPR)**

NCA (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကနေ ပြည်သူတွေကို တင်ပြလိုတာက ကျွန်တော်တို့အားလုံးမှာ အခက်အခဲတွေရှိနိုင်တယ်။ အမြင်မတူမှုတွေ ရှိနိုင်တယ်။ ဒီလိုအမြင်မတူမှုတွေကို လက်နက်ကိုင်တဲ့နည်းနဲ့ ဖြေရှင်းတာက နှစ်ပေါင်းများစွာကြာပြီ မအောင်မြင်ခဲ့ဘူး။ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကျမယ်။ ငွေကြေးအရင်းအနှီးတွေ ဆုံးရှုံးတဲ့အပြင် လူသားအရင်းအမြစ်တွေလည်း ဆုံးရှုံးခဲ့ကြရတယ်။ အခုအနေအထားမှာ လက်နက်စွဲကိုင်ပြီး ဖြေရှင်းတာက ရလဒ်ရမယ်လို့ ယုံကြည်သူ ရှိကောင်းရှိမယ်။ ကျွန်တော်တော့ မယုံကြည်ဘူး။ ဒါကြောင့် အခုလို ဆွေးနွေးတဲ့နည်းနဲ့ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် ကျွန်တော်တို့ အရင်းအမြစ်ပြုန်းတီးမှုတွေ သက်သာမယ်။ ဖွံ့ဖြိုးတိုးတက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာအေးမောင်**
**ဥက္ကဋ္ဌ**
**ရခိုင့်ဦးဆောင်ပါတီ (နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်)**

NCA စာချုပ်ဖြစ်တည်လာတာ (၉)နှစ် ပြည့်ပြီ။ ကျွန်တော်တို့အမြင်က မြန်မာနိုင်ငံ၊ မြန်မာ့သမိုင်းမှာ ဒုတိယအရေးအကြီးဆုံး စာချုပ်ဖြစ်ပါတယ်။ နိုင်ငံရေးအနှစ်သာရရှိရှိနဲ့ NCA စာချုပ်ကို အသုံးပြုစေချင်တယ်။ ချဉ်းကပ်ပုံ တူချင်မှတူမယ်။ အခြေခံအားဖြင့် NCA သည် ပြည်တွင်းစစ်ကို ရပ်ဖို့ကနဦးခြေလှမ်းဖြစ်တယ်။ ဘာကြောင့် ပြည်တွင်းစစ် ဖြစ်သလဲဆိုတဲ့ နိုင်ငံရေးဇာစ်မြစ်ကို မရှာဖွေ မဖြေရှင်းနိုင်သမျှ ပစ်ခတ်မှုတွေက ဖြစ်နေဦးမှာပဲ။ ဖြစ်တာကိုရပ်ဖို့ ကြိုးစားနေရဦးမှာပဲ။ ဒီတော့ NCA ကို အနှစ်သာရရှိရှိ ပထမခြေလှမ်းအဖြစ် ချဉ်းကပ်တာဟာ မှန်တယ်။ တကယ်လို့ NCA မှာ အားလုံးပါဝင်တဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုတဲ့ ရည်မှန်းချက် မပြည့်စုံသေးဘူးဆိုရင် အားလုံးပါဝင်နိုင်အောင် ကျွန်တော်တို့ ဘယ်လို ဆွဲဆောင်စည်းရုံးကြမှာလဲ။ လက်နက်ကိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုက နိုင်ငံရေးအနှစ်သာရမရလို့ လက်နက်ကိုင်တာ။ နောက်ကြောင်းပြန်လိုက်ရင် တန်းတူရေး၊ လွတ်လပ်မှု၊ တရားမျှတမှုနဲ့ ကိုယ်ပိုင်အုပ်ချုပ် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ဆိုတာကို သွားတယ်။ နောက်ပြန်ဆုတ်ရင် အခြေခံဥပဒေမှုနဲ့ ဆိုင်တယ်။ အခြေခံမှုဆိုင်ရာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှု၊ ကိုယ်ပိုင်အုပ်ချုပ် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ပြည့်ပြည့်ဝဝပါတဲ့ အခြေခံဥပဒေတစ်ရပ် မပေါ်ပေါက်သေးသမျှကာလပတ်လုံး လက်နက်ကိုင်နေကြမှာပဲ။ ဒါကို နိုင်ငံရေးအနှစ်သာရရှိရှိ တစ်ဆင့်ချင်း ချဉ်းကပ်မယ်ဆိုရင် အခု (၉)ကြိမ်မြောက် NCA နှစ်ပတ်လည်နေ့က ရှေ့သွားမယ့် လမ်းကြောင်းတွေကို မြင်လာမယ်။ ဘယ်လိုချဉ်းကပ်မှာလဲ၊ ချဉ်းကပ်တဲ့အခါမှာ တစ်ဆင့်ချင်းသွားဖို့ လိုတယ်။ ဘာဖြစ်နေသလဲ။ Current Situation ကဘာလဲ။ အခုပေးထားချက်ကဘာလဲ။ NCA စာချုပ်ပေးထားချက် ရှိနေပြီ။ ဒုတိယတစ်ချက်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေးထားချက်ရှိနေပြီ။ ဒီပေးထားချက်တွေကို အခြေပြုပြီး ဘယ်လိုလှမ်းမှာလဲ။ ဒီလိုလှမ်းမှပဲ တစ်ဆင့်ချင်း ဖြေရှင်းနိုင်မယ်။ ဒါက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဘက်က အလွန်တရာစဉ်းစားသင့်တဲ့ အချက်ဖြစ်သင့်တယ်။ ဒီလို (၉)နှစ်မြောက် NCA နှစ်ပတ်လည်နေ့မှာ လာရောက်ပြီး ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတာတွေ၊ မျှော်မှန်းချက်တွေကို တင်ပြခွင့်ရတာ ဝမ်းသာပါတယ်။ NCA စာချုပ်မှသည် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အသိုက်အဝန်းကြီး ခိုင်ခိုင်မာမာ ပေါ်ပေါက်စေချင်တဲ့ဆန္ဒရှိပါတယ်။ အောင်မြင်ပါစေ၊ ငြိမ်းချမ်းပါစေလို့ ဆုတောင်းပါတယ်။

**စောမြရာဇာလင်း**
**ဥက္ကဋ္ဌ**
**ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)**

ရခိုင်ပြည် လွတ်မြောက်ရေးပါတီက လက်မှတ်ထိုးခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ရော ပါတီဥက္ကဋ္ဌအနေနဲ့ပါ တက်ရောက်လာတာဖြစ်ပါတယ်။ NCA နဲ့ပတ်သက်ပြီး အမှတ်တရတွေအများကြီးရှိပါတယ်။ NCA ကို ကျွန်မတို့ လွယ်လွယ်ကူကူနဲ့ ရခဲ့တာမဟုတ်ပါဘူး။ အတိုက်အခံတွေ၊ စိတ်မောကိုယ်မောဖြစ်ခဲ့ရတဲ့အချိန်တွေ အများကြီးရှိခဲ့တယ်။ ဒါပေမဲ့ NCA ကို ရအောင်ကြိုးပမ်းခဲ့ခြင်းဟာ မြန်မာ့သမိုင်းမှာ အင်မတန်ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။ ဒီထူးခြားတဲ့ ဖြစ်ရပ်ကို တချို့ပုဂ္ဂိုလ်တွေက NCA ပျက်စီးသွားပြီ စသဖြင့် ပြောဆိုကြတာရှိပါတယ်။ NCA လက်မှတ်ထိုးထားကြတဲ့ ပုဂ္ဂိုလ်တွေက ပျက်စီးသွားပါပြီ၊ မသုံးတော့ဘူးလို့ မပြောသမျှ NCA က ရှိနေဦးမှာဖြစ်ပါတယ်။ စစ်ကို စစ်နဲ့မဖြေရှင်းဘဲ စားပွဲဝိုင်းနဲ့ဖြေရှင်းဖို့ စဉ်းစားတာက ဒီစာချုပ်ကြီးဖြစ်ပေါ်လာဖို့ အဓိကအကြောင်းရင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့က NCA ကို တန်ဖိုးထားတယ်။ NCA မှာ အားလုံးပြည့်စုံသလားလို့မေးရင် မပြည့်စုံတာတွေရှိမှာပါ။ ပြည့်စုံမှုရှိအောင် ပြန်လုပ်လိုတဲ့ ဆန္ဒနဲ့ သတ္တိရှိဖို့ အရေးကြီးတယ်။ ဒါကြောင့်

စာမျက်နှာ ၁၀ သို့

✸ စာမျက်နှာ ၉ မှ

NCA နှစ်ပတ်လည်နေ့ကို ကျင်းပခြင်းသည် မင်္ဂလာရှိတဲ့နေ့ထူးနေ့မြတ် အဖြစ် ကျွန်မတို့ သတ်မှတ်ပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**
**နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်**

နိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးက မရှိမဖြစ်လိုအပ်ပါတယ်။ ကျွန်တော်တို့ မျိုးဆက်သာမက နောင်မျိုးဆက်တွေအတွက်ပါ အခြေခံကောင်းတွေ တည်ဆောက်ပေးခဲ့ဖို့လိုတယ်။ ဒီနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေကနေ အမြန်ဆုံးရုန်းထွက်ပြီး လှပတဲ့ အနာဂတ်ကိုတည်ဆောက်ဖို့ ကျွန်တော်တို့အတတ်နိုင်ဆုံး ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီမိုကရေစီကို လိုလားတောင့်တတဲ့ နိုင်ငံရေးသမားတွေ အားလုံးရဲ့အသက်က ပြည်သူပါ။ ပြည်သူတွေကိုယ်တိုင်က နိုင်ငံရေးနည်းလမ်း၊ အကြမ်းမဖက်တဲ့ နည်းလမ်းနဲ့ ပြဿနာတွေ ဖြေရှင်းနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်အားကောင်းလာအောင်၊ ပြည်သူတွေကြားထဲမှာ ပျံ့နှံ့လာအောင် ဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဒီလို နိုင်ငံရေး ဆွေးနွေးပွဲတွေကနေ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ၊ ရလဒ်ကောင်းတွေထွက်ဖို့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားသွားပါမယ်။ အမြင်မတူသေးတဲ့သူတွေ အချင်းချင်းလည်း ငါနဲ့မတူ ငါ့ရန်သူဆိုတာမျိုး မသတ်မှတ်ဘဲ သဘောထားကြီးကြီးနဲ့ ဆောင်ရွက်ကြရင် လှပတဲ့ အနာဂတ်ကို ကျွန်တော်တို့ ဖော်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

## ရှောင်မြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရှောင် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှောင်မြို့နယ်၌ ပြည်သူများ ပူးပေါင်းပါဝင်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီက မြို့အဝင်ဆိုင်းဘုတ်လမ်းဘေးဝဲယာ၌ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် ရှောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ မြို့အဝင်ဆိုင်းဘုတ် လမ်းဘေးဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ရေမြောင်းများ၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး အမှိုက်များကို စည်ပင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၃၈)

၀-၀-၀-၀-၀



## မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့နယ် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်) စက်ရုံနယ်မြေအတွင်း သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား



ဦးဌေးလှိုင်ထွန်း၏ ပါးစပ်မှ ဖောက်ဝင်ပြီး လည်ပင်းမှ ပေါက်ထွက် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိမှုအခြေအနေ။



ဦးမင်းအောင်၏ ညာဘက်ရင်အုံသို့ ဖောက်ဝင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိမှုအခြေအနေ။

**နေပြည်တော် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) စက်ရုံနယ်မြေ၊ အောင်သပြေရပ်ကွက်ရှိ "စစ်ပြန်ကြီး" စားသောက်ဆိုင်သို့ အကြမ်းဖက်သမားနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်း စားသောက်နေသော မြစ်ငယ်မြို့ သီတာရပ်ကွက်ရှိ ဘူတာဝန်ထမ်းအိမ်ရာတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုဖြစ်သူ ဦးဌေးလှိုင်ထွန်းအား အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ပစ်ခတ်မှုကြောင့် ကျည်ဆံသည် ဦးဌေးလှိုင်ထွန်း၏ ပါးစပ်မှဖောက်ဝင်ပြီး လည်ပင်းမှ ပေါက်ထွက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကာ အနီးရှိထိုင်နေသည့် အရပ်သား ဦးမင်းအောင် ၏ ညာဘက်ရင်အုံသို့ ဆက်လက်ဖောက်ဝင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ဒဏ်ရာရရှိခဲ့သူ နှစ်ဦးအား ရဲဆေးစာဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

သတင်းစဉ်

## စစ်တွေထောင်မှ နိုင်ငံရေးအကျဉ်းသားအပါအဝင် အကျဉ်းသား ၃၅၁ ဦး ပုသိမ်ထောင်ရောက်ရှိပြီး အခက်အခဲများကြုံနေရ၊ မကွေးထောင်တွင် ဒေါက်တာဇော်မြင့်မောင် ကျဆုံးမှုအတွက် နိုင်ငံတကာကအရေးယူပေးရန် တောင်းဆိုလှုပ်ရှား ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၁၅**

Khit Thit Media အမည်ခံ Facebook Page ၌ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၃၆ မိနစ်တွင် "စစ်တွေထောင်မှ နိုင်ငံရေးအကျဉ်းသားအပါအဝင် အကျဉ်းသား ၃၅၁ ဦး ပုသိမ်ထောင်ရောက်ရှိပြီး အခက်အခဲများကြုံနေရ၊ မကွေးထောင်တွင် ဒေါက်တာဇော်မြင့်မောင် ကျဆုံးမှုအတွက် နိုင်ငံတကာကအရေးယူပေးရန် တောင်းဆိုလှုပ်ရှား" ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page မှ ဖော်ပြမှုသည် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားထားသော သတင်းတု၊ သတင်းမှားဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

## ပြည်ပမှပြန်လာသည့် သင်္ဘောသားများအပါအဝင် ပြည်ပပြန်သူအချို့ ရန်ကုန်လေဆိပ်၌ ဖမ်းဆီးခံရဟု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ




**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ပမှပြန်လာသည့် သင်္ဘောသားများ အပါအဝင် ပြည်ပနိုင်ငံများတွင် အလုပ်အကိုင် အဆင်မပြေ၍ ပြန်လာသူအချို့ ရန်ကုန်လေဆိပ်၌ ဖမ်းဆီးခံရပြီး အဆက်အသွယ်ပြတ်တောက်နေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ရန်ကုန်လေဆိပ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူ တစ်ဦး၏ ပြောပြချက်အရ ပြည်ပမှပြန်ဝင်လာသူများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း စစ်ဆေးမှုများသာရှိကြောင်း၊ အကြောင်းမဲ့ ဖမ်းဆီးမှု တစ်စုံတစ်ရာမရှိကြောင်း၊ ပြည်ဖျက်မီဒီယာများ အနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှား၍ ကြောက်လန့်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုကဲ့သို့ မဟုတ်မမှန်သည့် သတင်းမှားများ လွှင့်ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်တွင်းကားဈေးကွက်တွင် ဝယ်သူနည်းသဖြင့် အကျဘက် ရောက်နေ

**မန္တလေး အောက်တိုဘာ ၁၅**

ပြည်တွင်း ကားဈေးကွက်တွင် ကားဝယ်သူနည်းပါးသည့်အပြင် ဒေါ်လာနှင့် ရွှေဈေးကျဆင်းမှုများကြောင့် ဈေးကွက်တွင် အကျဘက်သို့ ရောက်ရှိနေကြောင်း ကားပွဲစားများထံက သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအထိ ကားဈေးကွက်တွင် ငွေကျပ် သိန်း ၁၀၀၀ ဝန်းကျင်နှင့် သိန်း ၅၀၀ ဝန်းကျင် ကားများ အရောင်းအဝယ်ရှိခဲ့ရာက ယခုလဒုတိယပတ်မှစ၍ အရောင်းအဝယ်အေးသွားသည်ဟု ဆိုသည်။

'ဒီလမှာ ကားရောင်းတဲ့သူများနေပြီး အဝယ်မရှိဘူးဖြစ်နေတယ်။ ဒေါ်လာနဲ့ ရွှေဈေးကလည်း အကျဘက် သွားနေတာရယ်၊ ရောင်းသူများတာကြောင့် ဈေးကျလာမယ်ဆိုပြီး စောင့်နေကြတာကြောင့် ဝယ်သူမရှိသလောက်ဖြစ်နေတယ်။ ရောင်းသူများနေတော့ ဈေးကျတဲ့သဘောပါ'ဟု ကားပွဲစားတစ်ဦးက သုံးသပ်သည်။

ဈေးကွက်အတွင်း ကားဈေးများမှာ ငွေကျပ် သိန်း ၅၀၀ ဝန်းကျင်နှင့် သိန်း ၁၀၀၀ ဝန်းကျင် ကားများမှာ ၁၀ ရာခိုင်နှုန်းခန့် ဈေးကျသွားပြီး သိန်း၂၀၀၀ အထက် ကားများမှာ ၅ ရာခိုင်နှုန်းဝန်းကျင် ဈေးကျဆင်းနေကြောင်း၊ EV ကားဈေးကွက်တွင် တင်သွင်းရောက်ရှိလာမှုနည်းသောကြောင့် ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## ရွှေဘိုထောင်တွင် ဗိုလ်မှူးကြီးအောင်အောင် အမိန့်ဖြင့် နိုင်ငံရေးအကျဉ်းသားများကို မိသားစုဝင်များနှင့် ထောင်ဝင်စာ ညှော်တွေ့ခွင့်မပြုဘဲ ပိတ်ပင်ထားသည်ဟု Khit Thit သတင်းဌာနက စွပ်စွဲရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၁၅**

Khit Thit Media အမည်ခံ Facebook Page ၌ အောက်တိုဘာ ၉ ရက် နံနက် ၇ နာရီ ၇ မိနစ်က "ရွှေဘိုထောင်တွင် ဗိုလ်မှူးကြီးအောင်အောင်အမိန့်ဖြင့် နိုင်ငံရေးအကျဉ်းသားများကို မိသားစုဝင်များနှင့် ထောင်ဝင်စာ ညှော်တွေ့ခွင့်မပြုဘဲ ပိတ်ပင်ထား" ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ ရေးသား ဖော်ပြခဲ့ကြောင်း သတင်းမီဒီယာများတွင် ပါရှိလာသည့်အချက်များအား စိစစ်တွေ့ရှိရသည်။

ရွှေဘိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍ မရှိပါကြောင်း၊ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသား အကျဉ်းသူများသာရှိပါကြောင်း။

**ခွဲခြားဆက်ဆံခြင်းမျိုးမရှိ**

၂၀၂၃ ခုနှစ်အောက်တိုဘာ ၂၄ ရက်မှစတင်၍ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့်၎င်းတို့၏ မိသားစုဝင်များအား ထောင်ဝင်စာတွေ့ဆုံခွင့်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း။ အကျဉ်းထောင် စည်းကမ်းဖောက်ဖျက်သည့် စည်းကမ်းပျက် အကျဉ်းသားငါးဦးကိုသာ ထောင်ဝင်စာတွေ့ဆုံခွင့် ပိတ်ထားခဲ့ကြောင်း၊ အကျဉ်းသား၊ အချုပ်သားများအား ထောင်ဝင်စာတွေ့ဆုံခွင့်ကို အကျဉ်းထောင် နည်းဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် မည်သည့်အကျဉ်းသား အကျဉ်းသူကိုမဆို ခွဲခြားဆက်ဆံခြင်းမျိုးမရှိကြောင်း၊ တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်က ညှော်တွေ့ခွင့်ပိတ်ထားရန် ညွှန်ကြားထားသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းနှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းတုသတင်းမှား ဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

# နိုင်ငံတကာ အားကစား သတင်းများ

## အန်တိုနီအား ခေါ်ယူရန် အေဗျက်စ်၊ နယူးကာဆယ်၊ ခရစ္စတယ်ပဲလေ့စ်တို့ အပြိုင်စိတ်ဝင်စား


**လန်ဒန် အောက်တိုဘာ ၁၅**

အေဗျက်စ်၊ နယူးကာဆယ်၊ ခရစ္စတယ်ပဲလေ့စ်အသင်းတို့သည် မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား အန်တိုနီအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေဗျက်စ်၊ နယူးကာဆယ်၊ ခရစ္စတယ်ပဲလေ့စ်အသင်းတို့က အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းကလည်း တောင်ပံကစားသမား အန်တိုနီအား အသင်းမှ ထွက်ခွာခွင့်ပြုထားကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အေဗျက်စ်၊ နယူးကာဆယ်၊ ခရစ္စတယ်ပဲလေ့စ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းထံမှ အန်တိုနီအား ရရှိအောင် ခေါ်ယူနိုင်မည်လဲ ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။(အောက်ပုံ) (NGB)






## ရစ်ဆီဂျိမ်းစ် ချဲလ်ဆီးအသင်းနှင့်အတူ လေ့ကျင့်ခန်းပြုလုပ်လျက်ရှိ

**လန်ဒန် အောက်တိုဘာ ၁၅**

ချဲလ်ဆီးအသင်း နောက်ခံကစားသမား ရစ်ဆီဂျိမ်းစ် ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီ ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဩဂုတ်လကတည်းက ဒဏ်ရာပြင်းထန်စွာရရှိမှုကြောင့် အနားယူနေရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီ ဖြစ်သည်။

နောက်ခံကစားသမား ရစ်ဆီဂျိမ်းစ် ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက်လည်း အားတက်စရာ ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား ရစ်ဆီဂျိမ်းစ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၁၈ မှ ၂၀၂၄အထိ ပြိုင်ပွဲပေါင်း ၁၅၈ပွဲကစားကာ ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (အပေါ်ပုံ) (NGB)

## ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၅**

ယူအီးအက်ဖ်အေနေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု A ပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၃၅မိနစ်နှင့် ၆၂မိနစ်တွင် ကိုလိုမူအာနီက သွင်းယူပေးခဲ့သည်။

ပြင်သစ်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စု A ပွဲစဉ် ၄ပွဲ ကစားအပြီးတွင် ရမှတ် ၉မှတ်ဖြင့် အုပ်စု အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့သည်။ (အောက်ပုံ) (NGB)



## 2024 Abierto Tampico တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၁ ရက်တွင် စတင်မည်

**လန်ဒန် အောက်တိုဘာ ၁၅**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Abierto Tampico တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၂၁ ရက်တွင် စတင်မည်ဖြစ်သည်။

အဆိုပါ 2024 Abierto Tampico တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ၇ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Abierto Tampico တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Abierto Tampico တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန် တင်းနစ်မယ် Emina Bektas ဖြစ်သည်။ (အောက်ပုံ) (NGB)







## ဒယ်လီအလီအား ခေါ်ယူရန် လိုင်လီအသင်းစီစဉ်

**လန်ဒန် အောက်တိုဘာ ၁၅**

လိုင်လီအသင်းသည် စပါးအသင်း ကွင်းလယ်ကစားသမားဟောင်း ဒယ်လီအလီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေပြီး စပါး၊ အဲဗာတန်၊ ဘီဆစ်တပ်စ် စသည့် ကလပ်အသင်းများတွင် ကစားခဲ့ကာ အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် လိုင်လီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဒယ်လီအလီကလည်း လိုင်လီအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် လိုင်လီအသင်းအနေဖြင့် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဒယ်လီအလီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ဝဲပုံ) (NGB)

## စပိန်လာလီဂါ၏ ဈေးကွက်တန်ကြေးအမြင့်ဆုံး ကစားသမားအဖြစ် ဗင်နီစီယပ်စ် ထိပ်ဆုံးတွင်ရပ်တည်

**မက်ဒရစ် အောက်တိုဘာ ၁၅**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စပိန်လာလီဂါ၏ ဈေးကွက်တန်ကြေးအမြင့်ဆုံး ကစားသမားအဖြစ် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီယပ်စ်က ဈေးကွက်တန်ကြေး ယူရိုသန်း ၂၀၀ ဖြင့် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ကြောင်း နာမည်ကျော်ဘောလုံးဈေးကွက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Transfermarkt က ဖော်ပြခဲ့သည်။



Transfermarkt ၏ ဖော်ပြချက်အရ တိုက်စစ်မှူး ဗင်နီစီယပ်စ်က ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၎င်းနောက်တွင် ဘာပေ၊ ဘယ်လင်ဂမ်၊ ယာမယ်၊ ဗယ်လ်ဗာဒီ၊ ရိုဒရီဂို၊ ကာမာဗင်ဂါ၊ ချူယာမန်နီတို့ အသီးသီး ရပ်တည်ခဲ့သည်။

နာမည်ကျော်ဘောလုံးဈေးကွက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Transfermarkt သည် ကစားသမား၏ အသက်အရွယ်၊ အောင်မြင်မှု၊ ခြေစွမ်း၊ ကိုယ်စားပြုသည့်ကလပ်အသင်း၊ လက်ရွေးစင်အသင်း၊ စာချုပ်သက်တမ်းတို့ပေါ် အခြေခံ၍ တွက်ချက်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၆ပွဲ ကစားပြီး ၈၇ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ (ဝဲပုံ) (NGB)

## VAR ဒိုင်အား ဝေဖန်ခဲ့သည့် နော်တင်ဟမ်အသင်း ဒဏ်ငွေချမှတ်ခံရ

**လန်ဒန် အောက်တိုဘာ ၁၅**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA)သည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက VAR ဒိုင်ဖြစ်သူ စတူးအပ်အတ်ဝဲလ်အား ဝေဖန်ခဲ့သည့် နော်တင်ဟမ်အသင်းအား ဒဏ်ကြေးငွေ စတာလင်ပေါင် ၇၅၀၀၀၀ ချမှတ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

နော်တင်ဟမ်အသင်းသည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၃၄)အဖြစ် အဲဗာတန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပင်နယ်တီရရှိမည့် အရေးအား ခွင့်မပြုခဲ့သည့် VAR ဒိုင်ဖြစ်သူ စတူးအပ်အတ်ဝဲလ်အား ၎င်းတို့ လူမှုကွန်ရက်စာမျက်နှာတွင် အပြင်းအထန်ဝေဖန်ခဲ့မှုကြောင့် ယခုလို ဒဏ်ငွေ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA) ထုတ်ပြန်ချက်တွင် "VAR ဒိုင်ဖြစ်သူ စတူးအပ်အတ်ဝဲလ်အား ဝေဖန်ခဲ့သည့် နော်တင်ဟမ်အသင်းအား ဒဏ်ငွေ ချမှတ်ခဲ့ပါတယ်။ နောက်နောင်လည်း ယခုလို ကိစ္စမျိုး ထပ်မံမပြုလုပ်ဖို့ သတိပေးထားပါတယ်"ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)




## ဘောလုံးသတင်းအတိုအထွာများ

* အင်္ဂလန်အသင်းသည် လက်ရွေးစင်အသင်းများထဲတွင် ကစားသမားများ၏ ဈေးကွက်တန်ကြေးအလိုက် တန်ဖိုးအကြီးဆုံးအသင်းအဖြစ် ယူရို ၁ ဒသမ ၄၆ ဘီလီယံဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။
* မန်ချက်စတာစီးတီးအသင်းသည် အသင်းအားကစားဒါရိုက်တာအဖြစ် ဟျူဂိုဗီယာနာအား ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

# မန္တလေးတိုင်းဒေသကြီးအတွင်း အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကုမ္ပဏီမှ CSR လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကုမ္ပဏီမှ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ ပိုက်လိုင်းဖြတ်သန်းသွားသောဒေသများတွင် ပြည်သူများ၏ လူမှု၊ စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် CSR လုပ်ငန်းဆောင်ရွက်နေမှုများ၊ အကောင်အထည်ဖော်ပြီးစီးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး





အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းဒေသကြီးအတွင်း ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေး ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာနမှ အာမခံအလုပ်သမား၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေထုတ်ပေး

**မန္တလေး အောက်တိုဘာ ၁၅**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့် အညီ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်းကို မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်လူမှုဖူလုံရေးရုံးတွင်၊ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

"လူမှုဖူလုံရေးရုံးခွဲတွေမှာ အကျိုးဝင်မှတ်ပုံတင်ထားတဲ့ ဌာနတွေက အာမခံအလုပ်သမားတွေရဲ့အကျိုးခံစားခွင့်တွေရရှိအောင် ဆောင်ရွက်ပေးနေပါတယ်၊ အလုပ်ဌာနတွေအနေနဲ့ လူမှုဖူလုံရေးနဲ့ အကျိုးဝင်မှတ်ပုံတင်ထားတဲ့ အလုပ်သမားတွေကို အာမခံထားပေးခြင်းအားဖြင့် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနဲ့အညီ အကျိုးခံစားခွင့်တွေထုတ်ပေးနေတာဖြစ်တဲ့အတွက် အလုပ်ဌာနတွေအနေနဲ့လည်း အလုပ်ရှင်၊ တာဝန်ခံ၊ မန်နေဂျာ၊ HR များအနေဖြင့် အလုပ်သမားများအား ထိန်ချန်ထားမှုမရှိဘဲ လူမှုဖူလုံရေးရုံးအဖွဲ့နဲ့ အကျိုးဝင်မှတ်ပုံတင်ကြဖို့လိုပါတယ်"ဟု တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ပြောသည်။

ထိုသို့ ခွင့်ပြုထုတ်ပေးရာတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းတာဝန်ခံအရာရှိက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ဆွေးနွေးပြောကြားပြီးနောက် ပြည်ကြီးတံခွန်မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် New Dawn Co.,Ltd မှ လုပ်ငန်းခွင် ထိခိုက်သေဆုံးသွားသော အာမခံအလုပ်သမား ဦးသန်းလွင်(ယာဉ်နောက်လိုက်)၏ ကျန်ရစ်သူ အကျိုးခံစားခွင့် အဆ ၃၀ အတွက် ခွင့်ပြုငွေ ၆၈၃၂၉၈၀ ကျပ်ကို ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဝါဝါလှိုင်အား ခွင့်ပြုထုတ်ပေးပြီးနောက် New Dawn Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ကြီးတံခွန်မြို့နယ်လူမှုဖူလုံရေးရုံးမှ အမှုတွဲပေါင်း ၃၆၀၉ မှု၊ ခွင့်ပြုငွေ ၃၇၄,၅၀၇,၆၅၂ ဒသမ ၂၈ ကျပ် ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**






# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ (နဝမ)အကြိမ်မြောက် ထုတ်ချေး

**ဟိုပုံး အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စငေါ်ကျေးရွာအုပ်စု၊ ကောင်စေတီကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ (နဝမ)အကြိမ်မြောက် ထုတ်ချေးပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၁၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ကောင်စေတီကျေးရွာနှင့် တီအွိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာနှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသူ၊ အသင်းသား ၈၅ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၃၃ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် နဝမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(မောင်ခိုင်)**

၀-၀-၀-၀-၀

# တံတားဦးမြို့နယ်တွင် ရေကြီးနစ်မြုပ်ကေများ ပြန်လည်ကုစားရန် သွင်းအားစုထည့်သွင်းခြင်းနှင့် ဆေးဖျန်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



**တံတားဦး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် တံတားဦးမြို့နယ်တွင် သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ကေ ၁၅ ကေအား ပြန်လည်ကုစားရန် သွင်းအားစုထည့်သွင်းခြင်းနှင့် ဆေးဖျန်းခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့နယ် ကန်ချောကျေးရွာအုပ်စု ကန်ချောကျေးရွာ ကွင်းအမှတ် (၁၄၂၆)၊ ဦးပိုင် ၃၅/၃(က) တောင်သူ ဦးမြင့်အောင် လယ်ကွင်း၌ ကျင်းပသည်။

အဆိုပါဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဦးဝင်းထိန်နှင့် တာဝန်ရှိသူများ၊ တံတားဦးခရိုင်စိုက်၊ ညှိ အဖွဲ့ဝင်များ ၊ တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် စိုက်၊ ညှိ အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ရေကြီးနစ်မြုပ်ကေများ ပြန်လည်ကုစားရန် သွင်းအားစုထည့်သွင်းခြင်းနှင့် ဆေးဖျန်းခြင်း ကွင်းသရုပ်ပြပွဲအား တောင်သူများမှ လယ်ကွင်းများအတွင်း သွင်းအားစုထည့်သွင်းခြင်းကို တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လမ်းညွှန်ပေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးက ရေကြီးနစ်မြုပ်ကေများ ပြန်လည်ကုစားရန်အတွက် တစ်ကေလျှင် သဘာဝ မြေသြဇာတစ်အိတ်၊ ရွက်ဖျန်းအားဆေး တစ်ဘူးနှင့် ကျောက်မှုန့်မြေသြဇာတစ်အိတ်တို့ကို ၁၅ ကေအတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။

တံတားဦးမြို့နယ်အနေဖြင့် ပျက်စီးသည့်သီးနှံမျိုးစုံ ၁၃ မျိုးရှိကြောင်း၊ ပျက်စီးသည့် ကေ ၃၇၇၉ ကေနှင့် ထိခိုက်ကေ စပါး ၁၅ ကေ ရှိကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနရုံးမှ သိရသည်။

**(၄၀၉)**



## မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ကလော အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့တွင် နှစ်စဉ် ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ကလောမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ကလောမြို့ ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အများဆုံးလာရောက် လည်ပတ်ကြသော ပွဲတော်ဖြစ်ပြီး ပွဲတော်ကျင်းပခြင်းကြောင့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ် ချစ်ခင်စုပေါင်းလုပ်ကိုင်ကျင်းပသည့် ရိုးရာပွဲတော်ဖြစ်ကြောင်း၊ ပွဲတော်ကို ကလောမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာနေ ဒေသခံပြည်သူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ စုပေါင်း၍ မြို့ပေါ်ရပ်ကွက်တို့မှ မီးရှော်တိုင်များပြုလုပ်၍ ဘုရားမီးပူဇော်ကြခြင်း၊ မီးကြာစံအဖွဲ့များက မီးကြာအလှအပတို့ဖြင့် မြို့တွင်းလှည့်လည်ပြသသွားမည်ဖြစ်ကြောင်း၊ ကလောမြို့၏ အထင်ကရပွဲတော်မှာ မီးရှော်တိုင်၏ အလှအပများကို အနယ်နယ်အရပ်ရပ်မှ ဓာတ်ပုံဆရာများ လာရောက် ရိုက်ကူးလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

## တရုတ်သို့ ကုန်စည်တင်ပို့မှု ရပ်တန့်နေသည့်အတွက် သစ်သီးဈေးကွက် ပြည်တွင်းဈေးကွက်ကိုသာ အားထားနေရ

တရုတ်သို့ အဓိကထား တင်ပို့နေရသည့် ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် သစ်သီးများကို ပြည်ပဈေးကွက်ထက် ပြည်တွင်းဈေးကွက်တစ်ခုတည်းကိုသာ အားထားရမည်ဖြစ်ကြောင်း သစ်သီးကုန်သည်များက ပြောသည်။

သစ်သီးဝလံများကို အညာဒေသတွင် အများဆုံး စိုက်ပျိုးလေ့ရှိပြီး အဆိုပါဒေသများသည်လည်း ဒေသမတည်ငြိမ်မှုကြောင့် မစိုက်ပျိုးနိုင်သလို စိုက်ပျိုးထွက်ရှိသည့် သစ်သီးများကိုလည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိပါ။

"အသီးတွေက အညာဘက်ကနေ ထွက်တာများတယ်။ အဲဒီကနေ ပဲစိုက်ကြတာများတယ်။ တဖြည်းဖြည်းနဲ့ စိုက်ပျိုးထုတ်လုပ်မှုကလည်း အားနည်းလာတယ်။ ထိုင်းဘက်ဆိုရင်လည်း လမ်းက မပွင့်ဘူး။ ပွင့်တဲ့လမ်းကြောင်းကျတော့လည်း တန်ဆာခဈေးကြီးတယ်။ တရုတ်ဘက်ကျတော့လည်း လုံးဝမသွားနိုင်ဘူး။ ပြည်တွင်းဈေးကွက်ကိုပဲ အားထားရမှာ။ ပြီးတော့ တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးမှုလျော့ကျလာတယ်"ဟု ပွဲရုံပိုင်ရှင်က ပြောသည်။



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများကို ယခင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)မှတစ်ဆင့် တရုတ်သို့ အဓိကတင်ပို့ခြင်းဖြစ်ပြီး ယခုအခါဒေသမတည်ငြိမ်မှုကြောင့် တင်ပို့နိုင်ခြင်းမရှိသလို ရှမ်းပြည်နယ် (အရှေ့ဘက်)ရှိ မိုင်းလားမှတစ်ဆင့် တင်ပို့နေရခြင်း ဖြစ်သည်။

မကြာခင် ဖရဲ၊ သခွားရာသီသို့ ရောက်ရှိတော့မည်ဖြစ်ပြီး တရုတ်နိုင်ငံသို့ နှစ်စဉ် နိုဝင်ဘာလမှ မေလအထိ ပုံမှန်တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ) ရွှေမန်း

## သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ် ဆီမီး (၁၀၀၀၀) မီးထွန်းပွဲတော်အား မန္တလေးမြို့တော် ၂၆ လမ်း၊(၆၆ လမ်းမှ ၇၃ လမ်းအထိ) ပေါ်တွင် သီတင်းကျွတ်လပြည့်နေ့ ညသို့ အောက်ပါအစီအစဉ်အတိုင်း စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံ၍ တေးဂီတ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေကျင်းပမည်ဖြစ်ပါသဖြင့် မန္တလေး မြို့တော်သူ၊ မြို့တော်သားများ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်အား ပါဝင်ဆင်နွှဲနိုင်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| နေ့ရက် | - | ၁၇-၁၀-၂၀၂၄ (ကြာသပတေးနေ့)၊ ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့။ |
| အချိန် | - | ညနေ (၆း၀၀)နာရီမှ ည (၁၀း၀၀)နာရီအထိ ။ |
| နေရာ | - | ၂၆လမ်း (၆၆ လမ်းမှ ၇၃ လမ်းအထိ) ။ |
| ဖျော်ဖြေရေးအစီအစဉ် | - | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ (၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား)တွင် မန်းစည်ပင် ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များက ဖျော်ဖြေတင်ဆက်ပါမည် ။ |
| ဧည့်ခံကျွေးမွေးရေးအစီအစဉ် | - | ဌာနဆိုင်ရာအသီးသီး၏ စတုဒိသာမဏ္ဍပ်များ။ |

## ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ကွင်းဆင်းဆောင်ရွက်



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဖွံ့ဖြိုးမှုမြင့်မားလာစေရေးအတွက် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်၊ ဥက္ကဋ္ဌဒေါ်ဥမ္မာဆွေနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက မြို့နယ်စံပြကျေးရွာ နှစ်ရွာဖြစ်သည့် ရွာသစ်ကျေးရွာနှင့် လွန်ချီကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်၊ ဥက္ကဋ္ဌဒေါ်ဥမ္မာဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကျေးရွာရှိ ကောင်းမြတ်မွန် စာကြည့်တိုက်သို့ ရောက်ရှိပြီး ရွာသစ်ကျေးရွာရှိ သက်ကြီးအဘွားနှစ်ဦးအား ငွေသား၊ လှူဖွယ်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ အဆိုပါ စာကြည့်တိုက်အား သုတ၊ ရသ စာအုပ်များလှူဒါန်းခြင်းနှင့် စာဖတ်ဝိုင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး လွန်ချီစံပြကျေးရွာရှိ သီရိရောင်ခြည်ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွင် သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ငွေသား၊ လှူဖွယ်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ မူကြိုကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူလေးများအား ကစားစရာပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းများနှင့် အာဟာရ နို့ဆန်ပြုတ်များ ကျွေးမွေးခဲ့ကာ ကျေးရွာအတွင်းရှိ အိမ်သာများ စနစ်တကျထားရှိမှု ရှိ၊ မရှိ၊ သောက်သုံးရေကန်များ သန့်ရှင်းမှု ရှိ၊ မရှိ၊ ဘုရားပန်းအိုးများ လဲလှယ်ပေးခြင်း၊ ရေစည်၊ ရေကန်၊ ရေအိုးများကို အဘိတ်ဆေးခတ်ပေးခြင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား စာရင်းစစ်၊ စာရင်းကောက်များမှ ဒေသခံပြည်သူများကို သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ မေးမြန်း ကောက်ယူနေမှုများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

**လျှပ်စစ်သုံးလျှင် သတိယှဉ်**

**ဝန်အားမမျှ မသုံးရ။**

## စားသုံးဆီတစ်ပိဿာ ငွေကျပ် ၇၇၃၀ ဖြင့် ရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၇၇၃၀ ဖြင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များနှင့် ကူမဲ၊ ပလိပ်မြို့နယ်များတွင် ယမန်နေ့က ရောင်းချပေးလျက်ရှိသည်။

အဆိုပါရောင်းချပေးခဲ့သော စားအုန်းဆီများကို Resources Group Trading Co,Ltd ထံမှ ရည်ညွှန်းဈေးတစ်ပိဿာလျှင် ငွေကျပ် ၆၇၂၀ ဖြင့် ဝယ်ယူခဲ့သော စားသုံးဆီများဖြစ်ကြောင်းနှင့် ဆီများ ရောင်းချရာတွင် ဒေါ်ဇာ ဆီအရောင်းဆိုင်မှ မြစ်သားမြို့၊ မြို့မအရှေ့ရပ်ကွက်၌ ဆီပိဿာချိန် ၂၈၇ ပိဿာကိုလည်းကောင်း၊ ဒေါ်လာဆီအရောင်းဆိုင်မှ စဉ့်ကိုင်မြို့နယ် နတ်ရေကန်ကျေးရွာ၌ ဆီပိဿာချိန် ၂၂၀ ပိဿာကိုလည်းကောင်း၊ ဒေါ်စန်းစန်းဌေး (နေလသုခ-၂) ဆီအရောင်းဆိုင်မှ ကျောက်ဆည်မြို့နယ် ကျောက်မဆစ်ကျေးရွာ ကျောက်ဆောက်ကလေးကျေးရွာ၊ကျောက်ဆောက်ကုန်းကျေးရွာ၊ သံချပ်ကုန်းကျေးရွာများတွင် ဆီပိဿာချိန် ၄၄၀ ကိုလည်းကောင်း၊ ကူမဲမြို့နယ်ခွဲ၌ ရှယ်လီဌေး ဆီအရောင်းဆိုင်မှ တောတွင်ကျေးရွာတွင် ဆီပိဿာချိန်၁၄၀ကိုလည်းကောင်း၊ ပုလိပ်မြို့နယ်ခွဲ ဆီဆုံကျေးရွာ၊ ချမ်းသာကုန်းကျေးရွာ၊ အိုးထိန်တောင်ကျေးရွာများတွင် ဆီပိဿာချိန် ၂၂၀ကိုလည်းကောင်း အသီးသီး ရောင်းချပေးခဲ့သည်။

ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ခရိုင်အတွင်းရှိ ပြည်သူများ စားသုံးဆီ အခက်အခဲမရှိစေရေး ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းပြီး စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများထံမှ ရည်ညွှန်းဈေးများနှင့်ဝယ်ယူ၍ ဈေးနှုန်းချိုသာစွာဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

# အလှအပနှင့် ကျန်းမာရေးကဏ္ဍ



## ကိုရီးယားမလေးတွေလို ချစ်စရာကောင်းမယ့်ဖက်ရှင်များ

ကိုရီးယားမလေးတွေဝတ်ထားတဲ့ ဖက်ရှင်တွေကိုကြည့်လိုက်ရင် ဘယ်လိုပုံစံမျိုးပဲဝတ်ဝတ် အမြင်မရိုင်းဘဲ ရိုးရိုးရှင်းရှင်းလေးနဲ့ ဖက်ရှင်ကျလှပနေတာကို တွေ့ရမှာပါ။ ဒီတစ်ပတ်မှာတော့ အတိုတွေ မဝတ်ချင်တဲ့ မိန်းကလေးတွေအတွက် ကိုရီးယားမလေးတွေလို ဖက်ရှင်ကျလှပစေမယ့် စကပ်ရှည်နဲ့တွဲစပ်ဝတ်ဆင်လို့ရတဲ့ ဖက်ရှင်လေးတွေဝတ်ကြည့်နိုင်ပါတယ်။ ပြောင်စကပ်ရှည်၊ ဂျင်းစကပ်ရှည်၊ ရေသူမစကပ်ရှည်၊ ဂါဝန်အရှည်တွေကို အပေါ်ကနေ ချစ်စရာကောင်းတဲ့ blouse အင်္ကျီ၊ ဆွယ်တာအပါး၊ အပေါ်ထပ်အင်္ကျီအပါးလေး၊ ကုတ်အင်္ကျီပုံစံလေးတွေနဲ့ တွဲဖက်ဝတ်ဆင်လိုက်မယ်ဆိုရင် K-drama ထဲက ဇာတ်ကောင်တွေလို ရိုးရှင်းပြီး ဖက်ရှင်ကျလှစေနိုင်ပါတယ်။ **Daisy**

## Online/Tik Tok မှာခေတ်စားနေတဲ့ ဖဲပြားချည်ဆံပင်ပုံစံများ

ဆံပင်မှာ ဖဲပြားကလပ်၊ ဖဲပြား ဆံညှပ်၊ ဖဲပြားခေါင်းစည်းလေးတွေက ဟိုးရှေးခေတ်ကတည်းကနေ အခုချိန်ထိ ဘယ်တော့မှ ရိုးမသွားခဲ့တဲ့ ဖက်ရှင်တစ်မျိုးပဲဖြစ်ပါတယ်။ အရင်ကတော့ ဖဲပြားခပ်ကြီးကြီးတွေကို ဆံပင်ပေါ်အလှဆင်ကျတာဖြစ်ပြီး Tik Tok/ Instagram တွေမှာတော့ ဖဲကြိုးခပ်သေးသေးရှည်ရှည်ပုံစံလေးတွေကို ကျစ်ဆံမြီးတစ်ဝက်ကျစ်ခြင်း၊ ဆံပင်တစ်ဝက်စည်းပြီးတော့ ကျန်တဲ့ဆံပင်နဲ့အတူ တွဲလောင်းချတဲ့ပုံစံမျိုးတွေ ခေတ်စားနေတာဖြစ်ပြီး မိန်းကလေးတိုင်းနဲ့လိုက်ပြီး ချစ်စရာကောင်းတဲ့ အသွင်ပုံစံဖြစ်စေတာကြောင့် ခါတိုင်းလုပ်နေကျဆံပင်ပုံစံတွေအစား ခုဖော်ပြလိုက်တဲ့ ဆံပင်ပုံစံလေးတွေကို လုပ်ကြည့်နိုင်ပါတယ်။ **Daisy**





## မျက်ကွင်းညိုခြင်းကို သက်သာစေမယ့်နည်းလမ်းများ

မျက်ကွင်းညိုရတဲ့အကြောင်းရင်းများစွာရှိပါတယ်။ အသက်အရွယ်ကြောင့် မျက်ကွင်းညိုခြင်း၊ အသားအရေသေချာထိန်းသိမ်းမှုမရှိခြင်း၊ ရေဓာတ်ခမ်းခြောက်ခြင်း၊ ပါဝါမျက်မှန်အမြဲတပ်ရခြင်း၊ ဖုန်း၊ ကွန်ပျူတာအသုံးများခြင်း စသည့်အကြောင်းရင်းများကြောင့် ဖြစ်နိုင်ပါသည်။ မျက်ကွင်းညိုတာ သက်သာစေဖို့တွက် eyecream တွေ အသုံးပြုရုံနဲ့ မလုံလောက်ပါဘူး။ မျက်ကွင်းညိုတာ သက်သာချင်တယ်ဆိုရင်တော့ အခုပြောပြသွားမယ့် အချက်တွေကို လိုက်လုပ်ကြည့်ပါနော်။

(၁)အိပ်ရေးဝဝအိပ်ပါ။ အိပ်ရေးဝဝမအိပ်ဘဲ အိပ်ရေးပျက်တာများလာရင်တော့ မျက်တွင်းချိုင့်ခြင်း၊ မျက်ကွင်းညိုခြင်းတွေအပြင် မျက်လုံးစပ်၊ မျက်လုံးပူတာတွေပါ ဖြစ်လာနိုင်ပါတယ်။

(၂) ရေများများသောက်ပါ။ အသားအရေကောင်းမွန်စိုပြည်ဖို့အတွက်ဆိုရင် ရေများများသောက်ဖို့အရေးကြီးပြီး ရေဓာတ်ခန်းခြောက်နေပါက အသားအရေညစ်နွမ်းတာအပြင် မျက်တွင်းချိုင့်၊ မျက်ကွင်းညိုစေနိုင်တာမလို့ ရေများများသောက်ဖို့လိုအပ်ပါတယ်။

(၃) အင်နဲ့ အချိုလျှော့စားပါ။ အင်နဲ့သကြား များများစားတဲ့အခါမှာ အသားအရေက ပွယောင်းယောင်းဖြစ်တတ်ပြီး မျက် ကွင်းညိုခြင်းကိုဖြစ်စေတာကြောင့် စားသုံးတဲ့အစားအစာတွေမှာ အတတ်နိုင်ဆုံး အင်နဓာတ်ကို လျှော့စားတာက ကျန်းမာရေးအတွက်ပါ အထူးကောင်းမွန်စေပါတယ်။

(၄) eyecream /retinol လိမ်းပါ။ အသက်အရွယ်ကြောင့် မျက်လုံးအရေးအကြောင်း၊ မျက်ကွင်းညိုခြင်း၊ မျက်တွင်းချိုင့်ခြင်းတွေဖြစ်တတ်တာကြောင့် ကြိုတင်ကာကွယ်ဖို့နဲ့ ထိန်းသိမ်းဖို့အတွက် eyecream ကို ပုံမှန်အသုံးပြုပေးဖို့ လိုအပ်ပါတယ်။ **Daisy**

## အိုမင်းရင့်ရော်မှုကို နှေးကွေးစေဖို့ အသက် ၂၀ ကျော်ကတည်းက ပြုလုပ်သင့်တဲ့အရာများ

ဆယ်ကျော်သက်အရွယ်ကနေ အသက် ၂၅ နှစ်အထိ သဘာဝအတိုင်းငယ်ရွယ်နုပျိုမှုတွေရှိနေသေးတာကြောင့် အသားအရေ၊ ခန္ဓာကိုယ်ထိန်းသိမ်းမှု၊ အလှအပဆိုင်ရာထိန်းသိမ်းမှုမလုပ်ဖြစ်ဘူးဆိုရင်တောင် အဆင်ပြေနေပါသေးတယ်။ ဒါပေမယ့် အသက် ၂၅ နှစ်နောက်ပိုင်းကစပြီး အလှအပထိန်းသိမ်းမှုတွေ မဖြစ်မနေလုပ်ဖို့ရာလိုအပ်ပြီး ငယ်ရွယ်စဉ်ကတည်းက အသားအရေထိန်းသိမ်းမှုကောင်းကောင်းလုပ်ထားခဲ့မယ်ဆိုရင် အရွယ်တင်နုပျိုစေတာကြောင့် ငယ်ရွယ်ကတည်းက ပြုလုပ်သင့်ပါတယ်။ ဘယ်လိုမျိုးထိန်းသိမ်းမှုတွေပြုလုပ်ရမလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။





(၁) suncream ကို နေ့စဉ်မဖြစ်မနေလိမ်းပေးပါ။ နေရောင်ခြည်ကြောင့် အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှုဖြစ်စေနိုင်တာကြောင့် suncream ကို လိမ်းဖို့ လိုအပ်ပါတယ်။

(၂) ခုခေတ်မှာ လူတိုင်း ဖုန်း၊ ကွန်ပျူတာ အသုံးပြုတာကြောင့် screen ကြည့်ရတာများတာကြောင့် မျက်ကွင်းညိုခြင်းတွေ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် မျက်လုံးတစ်ဝိုက်အရေးအကြောင်း မဖြစ်သေးပေမယ့်လည်း ထိန်းသိမ်းတဲ့အနေနဲ့ ညတိုင်းလိမ်းသင့်ပါတယ်။

(၃) ငယ်ရွယ်စဉ်အချိန်မှာ ညဖက်ပျော်ပွဲရွှင်ပွဲတွေသွားပြီး ညဖက်အိပ်ရေးပျက်တာမျိုးက တစ်ခါတစ်လေဘာမှမဖြစ်ပေမယ့် အမြဲတမ်းဆိုရင် ကျန်းမာရေးလည်း ထိခိုက်နိုင်သလို အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှုကို ဖြစ်စေနိုင်တာကြောင့် ညဖက်အိပ်ရေးဝဝအိပ်ဖို့ အရေးကြီးပါတယ်။

(၄) မိတ်ကပ်အလွန်အကျွံမလိမ်းပါနဲ့။ ငယ်ရွယ်တဲ့အချိန်မှာ မိတ်ကပ်တွေအများကြီး လိမ်းဖို့မလိုအပ်ပါဘူး။ မိတ်ကပ်ကို ခပ်ပါးပါးနဲ့ မိတ်ကပ်အရောင်တွေကိုလည်း အရောင်အရင့်တွေအစား အရောင်ဖျော့ဖျော့တွေလိမ်းပေးခြင်းက သဘာဝအတိုင်းလှပတဲ့အသွင်ဖြစ်ပါတယ်။

(၅) skin care သေချာပြုလုပ်ပါ။ ငယ်ရွယ်တဲ့အချိန်မှ skin care သေချာမလုပ်ဖြစ်ပေမယ့်လည်း အသားအရေကောင်းမွန်နေသေးတယ်ဆိုပေမယ့် အချိန်ကြာလာတဲ့အခါမှာတော့ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှုတွေဖြစ်စေနိုင်တာကြောင့် အစိုဓာတ်ပါတဲ့ face cream ၊ night cream တွေနဲ့ skin care တွေကို သေချာပြုလုပ်ပေးဖို့လိုပါတယ်။ **Daisy**




## ခန္ဓာကိုယ်ပေါ်က ဝက်ခြံတွေကိုသက်သာစေမယ့်နည်းလမ်းများ

ခန္ဓာကိုယ်ပေါ်မှာ ဝက်ခြံတွေပေါက်နေတယ်ဆိုရင် ဝက်ခြံဖုတွေကြောင့် အဝတ်အစားဝတ်တဲ့အခါမှာ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ ခန္ဓာကိုယ်ပေါ်က ဝက်ခြံတွေက နေရာအနှံ့ပေါက်တတ်တာကြောင့် မျက်နှာပေါ်က ဝက်ခြံတွေကို ပျောက်ကင်းအောင်ကုသဖို့ရာ အခက်အခဲရှိတတ်တာကြောင့် ဝက်ခြံသက်သာစေမယ့်နည်းလမ်းတွေကို ပြောပြပေးပါမယ်။ ရေချိုးတဲ့အခါ ဆပ်ပြာတိုက်တဲ့အခါမှာ ဆပ်ပြာတိုက်တဲ့ပိုက်(သို့)ဖော့နဲ့ တိုက်ပါ။ ရေချိုးဆပ်ပြာကိုလည်း ဘက်တီးရီးယားပိုးမွှားသေစေနိုင်တဲ့ ဆပ်ပြာမျိုးရွေးချယ် အသုံးပြုတာပိုကောင်းပါတယ်။ အတွင်းခံဘရာတွေနဲ့ အဝတ်အစားတွေကို သေချာလျှော်ဖွတ်ဝတ်ဆင်ပါ။ အဝတ်လျှော်တဲ့အခါမှာလည်း ဆပ်ပြာပြောင်အောင်ဆေးကြောပြီး နေပူပူမှာ ခြောက်သွေ့အောင်သေချာလှန်းပါ။ ရေချိုးသုတ်ပဝါကိုလည်း သန့်ရှင်းစွာလျှော်ဖွတ်ပြီး ရေသုတ်ပြီးပါက ခြောက်အောင်လှန်းပြီးမှ အသုံးပြုပေးပါ။ အဝတ်လျှော်တဲ့အခါမှာ အဝတ်မွှေးစေတဲ့ အမွှေးဆီတွေ အသုံးပြုခြင်းရှောင်ကျဉ်ပါ။ ရေချိုးသန့်စင်ပြီးသွားတဲ့အခါတိုင်းမှာ ဝက်ခြံတွေကို ပိုးသတ်ဆေးလိမ်းပေးနိုင်ပါတယ်။ **Daisy**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ညောင်ဦး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်တွင် ကျင်းပမည့် ၂၀၂၄ခုနှစ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၊ ကျောင်းအုပ်ကြီးရုံးခန်းတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် ပညာရေးမှူး ဦးကျော်ဝင်းက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း တာဝန်ယူဆောင်ရွက်ကြမည့် ကျောင်းများအလိုက် ဆရာ၊ ဆရာမများတာဝန်ခွဲဝေချထားမှု၊ တက်ရောက်လာမည့် ကျောင်းသား၊ ကျောင်းသူများနေရာချထားရေး၊ ပြပွဲ၊ပြခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ ကြိုတင်လေ့ကျင့်ဆောင်ရွက်ထားနိုင်ရေးတို့အား အမှာစကားပြောကြားသည်။ ဆက်လက်၍ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်က ပွဲတော်အတွင်း ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည့်အစီအစဉ်များနှင့် ပေးအပ်မည့်ဆုများအား မှန်ကန်စွာရွေးချယ်ပေးအပ်နိုင်ရေးတို့အား ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ညောင်ဦးမြို့နယ် ပညာရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူး၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမများ၊ ကိုယ်ပိုင်ကျောင်းများမှ တာဝန်ခံ ဆရာကြီး၊ ဆရာမများက ဆွေးနွေးတင်ပြကြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄စ၁)**

## ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာအဖွဲ့ပိုင်၊ ဒက္ခိဏဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီက မြို့မဈေးအတွင်းရှိ ဈေးသည်များကိုဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒက္ခိဏဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(Campaign)ပြုလုပ်ခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*







### မီးမြင်းမိုရ်ပွဲ ပျော်ရွှင်နွှဲ

* တာဝတိံသာနတ်ပြည်မှ
အနှိုင်းမဲ့ ဗုဒ္ဓ။
လူ့ပြည်ကို သက်ဆင်းကာကြွ
ဆီမီးပူဇော်ကြ။

* ဥပုသ်သီတင်း ဆောက်တည်ကာ
သီတင်းကျွတ်ချိန်ခါ။
ဘိုးဘွားမိဘ ကန်တော့တာ
မြန်မာ့ဓလေ့ပါ။

* မိသားစုကန်တော့ပွဲမှာ
စိတ်ချမ်းမြေ့သာယာ။
သီရိဂေဟာ အိမ်မဟာ
ကျက်သရေဝေဖြာ။

* ဟိုဘက်အိမ်က မီးလုံးတွေ
ထိန်လင်းတောက်ပနေ။
ဒီဘက်အိမ်က မီးပုံးတွေ
ရောင်စုံလှပနေ။

* မီးရှူး မီးပန်းတွေ လေပေါ်ဝဲ
ကြည်နူးကြစိတ်ထဲ။
မီးမြင်းမိုရ်ပွဲ ပျော်ရွှင်နွှဲ
နှစ်စဉ်ကျင်းပမြဲ။ ။

မိုးထက်ကို( အမရပူရ )

## ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး လက်ဝှေ့လက်ရွေးစင်များ စခန်းသွင်းလေ့ကျင့်

**မန္တလေး အောက်တိုဘာ ၁၅**

ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး လက်ဝှေ့လက်ရွေးစင် ရွေးချယ်စခန်းသွင်းလေ့ကျင့်ခြင်းများကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိလက်ဝှေ့ကလပ်တွင် အောက်တိုဘာလဆန်းမှစတင်၍ မန္တလေးတိုင်းဒေသကြီး လက်ဝှေ့နည်းပြများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ လက်ဝှေ့နည်းစနစ်မှူးများက ပဏာမရွေးချယ်ထားသော အမျိုးသမီး၄၈/၅၀ ကီလိုတန်း၊ ၅၀/၅၂ ကီလိုတန်း၊ ၅၂/၅၄ ကီ လိုတန်း၊ ၅၄/၅၇ ကီလိုတန်း၊ အမျိုးသား ၄၈-၅၁ ကီလိုတန်း၊ ၅၁-၅၄ ကီလိုတန်း၊ ၅၄-၅၇ ကီလိုတန်း၊ ၅၇- ၆၃ ဒသမ ၅ ကီလိုတန်းနှင့် ၆၃ ဒသမ ၅-၇၁ ကီလိုတန်းမှ ခရိုင်နှင့်မြို့နယ်များမှ ထူးချွန်လက်ဝှေ့သမားများအား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး လက်ဝှေ့အသင်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲများနှင့် စတုတ္ထအကြိမ် အမျိုးသားပြိုင်ပွဲများတွင် သက်တမ်းအလိုက် ရွှေတံဆိပ်၊ ငွေတံဆိပ် အများဆုံးရယူပေးနိုင်ခဲ့ပြီး တိုင်းဂုဏ်ဆောင်ခဲ့သော အသင်းဖြစ်ခဲ့ကြောင်းနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတွင် ဆုတံဆိပ်များရရှိရေး စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၄၅)**






## မိုးစပါးနှင့် အခြားမိုးသီးနှံ ၃၉၄၉၈ ဧက စိုက်ပျိုးပြီးစီး

**ငဖဲ အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးသီးနှံများစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံနှင့် အခြားမိုးသီးနှံ ၃၆၄၄၂ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့ထိ ၃၉၄၉၈ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၄ ခုနှစ် မိုးသီးနှံများစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည်ရေ၊ ရင်းရှည်ရေလှောင်တမံဆည်ရေ၊ ဆည်ငယ်၊ ကန်ငယ်နှင့် မိုးကောင်းသောက်ရေတို့ကို အမှီပြု၍ မိုးစပါးသီးနှံ ဧက ၁၀၂၀၀ ဧက၊ ပဲမျိုးစုံပေါင်း ၄၈၉၈ ဧက၊ ဆီထွက်သီးနှံပေါင်း ၁၃၅၂၆ ဧက၊ အခြားနှံစားသီးနှံပေါင်း ၅၀၆ ဧက၊ စားဖိုဆောင်သီးနှံ ၂၄၅ ဧက၊ စက်မှုသီးနှံ ၃၉၂၁ ဧကနှင့် အခြားသီးနှံ ၆၂၀၂ ဧက စုစုပေါင်း မိုးစပါးနှင့် အခြားမိုးသီးနှံ ၃၉၄၉၈ ဧက စိုက်ပျိုးပြီးစီးပြီး ဖြစ်သည်။

**မယု(ငဖဲ)**

## သတင်းပဒေသာ

### ဝိဇာတမဂ်လာပူဇော်ပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဂန့်ဂေါမြို့၊ မြို့ခင်းသာပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇဋိလ၏ သက်တော်(၇၇)နှစ်ပြည့် ဝိဇာတမဂ်လာပူဇော်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ စတင် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ အသီးသီး၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ် မြို့နယ်၌ ရှမ်းပြည်နယ်အခြေစိုက် ယူနီဆက်(တောင်ကြီး)အဖွဲ့မှ ဒေါ်ခင်မာဝင်း ဦးဆောင်သောအဖွဲ့သည် မြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ် ခြင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက ဈေးတန်းရပ်ကွက်ရှိ ပရိယတ္တိပါဒကစာသင်တိုက်၊ ဆွမ်းစားကျောင်းဆောင်၌ ကျင်းပ ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဖယောင်းတိုင်ပြုလုပ်နည်းသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ဖယောင်းတိုင်ပြုလုပ်နည်း သင်တန်းဖွင့်လှစ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် သင်တန်းနည်းပြဆရာမ ဒေါ်သဲသဲအိက ဖယောင်း တိုင်မပြုလုပ်မီ ကြိုတင်ဝယ်ယူထားရမည့် ကုန်ကြမ်းပစ္စည်း များကို ရှင်းလင်းပြောကြားခဲ့ပြီး ဖယောင်းလှီးနည်းနှင့် အရည်ကျို နည်း၊ ဖယောင်းကာလာစပ်နည်း၊ မီးဇာထည့်နည်းတို့ကို ဒီဇိုင်း ပုံစံအမျိုးမျိုးဖြင့် လက်တွေ့ပြုလုပ် သင်ကြားပေးခဲ့ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

### စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲ ကျင်းပ

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ကျရောက် မည့် အဘိဓမ္မာအခါတော်နေ့၊ သီတင်းကျွတ်မီးထွန်းပွဲတော်နေ့ အထိမ်းအမှတ်အဖြစ် ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ (မူလတန်းအထက်ဆင့်) စိတ်ကြိုက် ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြို့သာယာလှပရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့တွင် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် မြို့သာယာလှပရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို ကြီးကြပ်မှုဖြင့် နေ့စဉ် နေ့မအားညမနား အလှည့်ကျတာဝန်များခွဲ၍ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့် အလှူငွေ လှူဒါန်း



**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ကန်တော်ကြီး ကန်ပတ် လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးသို့ အောက်ဘိုဘာ ၁ ရက် က မန္တလေးမြို့နေ မဖြိုးနန္ဒာ အောင်၊ မအိန္ဒြီနှင်းဝင့်လှိုင် သူငယ် ချင်းနှစ်ဦးတို့မှ ဆွမ်းအလှူငွေ ကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော် မတီတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်း ကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂ ၆၂၆၃၂၄သို့ တိုက်ရိုက် ဆက် သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ **(ဝဲပုံ)(ကဆ)**

## မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီလုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်နိုင်ရန် ပထမအကြိမ် အလှူငွေများ ပေးအပ်

**မြင်းခြံ အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ ကျက်သရေဆောင် ဆန္ဒ တော်ပြည့်စေတီ လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန် အတွက် ပထမအကြိမ် အလှူငွေ များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၇ နာရီက မင်းကျောင်း တိုက်ဓမ္မာရုံတွင် ကျင်းပခဲ့သည်။ ရှေးဦးစွာ အခမ်းအနားကို 'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ သည်။ ထို့နောက် မင်းကျောင်း တိုက်ဆရာတော် ဦးဉာဏဓဇ ထံမှ ငါးပါးသီလခံယူဆောက် တည်ခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က လုံးတော်ပြည့် ရွှေသင်္ကန်း ဆက် ကပ်လှူဒါန်းနိုင်ရေးအတွက် အလှူ ငွေရရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်း လင်းပြောကြားခဲ့သည်။**(ယာပုံ)**



ဆန္ဒတော်ပြည့်စေတီ လုံး တော်ပြည့်ရွှေသင်္ကန်း ဆက်ကပ် နိုင်ရန် ပထမအကြိမ်အဖြစ် အလှူငွေကျပ် ၂၂၇၃၀၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး အခမ်းအနား ကို 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။ **(၃၆၆)**



## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သက်ကြီး ဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ ငွေလှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ ငွေလှူဒါန်း ပွဲကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံ မြို့နယ် ၇၁လမ်းနှင့်၁၁လမ်းထောင့် ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရတနာပုံခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ နှင့် သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်မြင့်၊အတွင်း ရေးမှူး ဒေါက်တာ အောင်မင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မောင်မောင်သန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်**(အပေါ်ပုံ)**

အခမ်းအနားတွင် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်မောင် မြင့်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အတွင်းရေး မှူးမှ မန္တလေးမြို့ရှိ အသက် ၇၀ နှစ်နှင့်အထက် အသင်းဝင် ဆရာ ဝန်ကြီးများအား ကျန်းမာရေး စစ်ဆေးပေးခဲ့မှု၊ ကျန်းမာရေး ထောက်ပံ့ပေးခဲ့မှုများအား ပြော ကြားသည်။ ထို့နောက် သက်ကြီး ဆရာဝန်ကြီးများ ထောက်ကူပြု အဖွဲ့သို့ ချမ်းအေးသာစံမြို့နယ် နေ မူးယစ်အထူးကုဆရာဝန်ကြီး (ငြိမ်း)ဒေါက်တာ ခင်မောင်ဆွေက မွေးနေ့အထိမ်းအမှတ်ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင် မြင့်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် ခဲ့ကြောင်း သိရသည်။ **(၀၄၅)**

## သက်တော်ရှည်ဆရာတော်ကြီးများပူဇော်ရန် မလွန်ဈေးဆန်လှူအသင်းသို့ ငွေပဒေသာပင်စိုက်ထူ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ ၃၂လမ်းရှိ မလွန်ဈေး ဆန်လှူအသင်းကြီးမှဦးဆောင်၍ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း၊ တောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေး ခရိုင်(၇)မြို့နယ်ရှိ သက်တော် (၈၀)၊ ဝါတော်(၆၀)အထက် သက်တော်ရှည်ဆရာတော်များနှင့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာ တော်များအား နှစ်စဉ်မပျက် ပူဇော်သွားမည် ဖြစ်သည်။

သက်တော်ရှည်ဆရာတော် များပူဇော်ရန်ရာ ယမန်နေ့သက် ပန်ငွေ ပဒေသာပင်လှူဒါန်းလျက် ရှိရာ ယမန်နေ့က ချမ်းအေးသာစံ မြို့နယ်၊ ၈၆လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားနေ မလွန်ဈေး ဆန်လှူအသင်းနာယက ဦးလေး မောင်+ဒေါ်အုံးရွှေ မိသားစုက (၃၂)ကြိမ်မြောက် ငွေကျပ် ၂ သိန်းကိုလည်းကောင်း၊ မန္တလေး တက္ကသိုလ်သမိုင်းဌာနမှ ဒေါက်တာ တိုးလှ(ငြိမ်း)နှင့် ဆရာဦးအေးကို (ငြိမ်း)တို့က ငွေကျပ် ၁သိန်းတို့ကို လာရောက်လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပေးအပ်ခဲ့သည်။

ငွေပဒေသာပင် လှူဒါန်းလို ပါက မလွန်ဆန်လှူအသင်း၊ ၃၂ လမ်း၊ ၈၅လမ်းနှင့်၈၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၉-၇၈၀၆၆၈၅၀၀နှင့် မြန်မာ့စီးပွား ရေး ဘဏ်(၃)ငွေစာရင်းအမှတ် SF-000390, SF-000602 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**



# လွမ်းမိတယ် ကျောက်တော်ကြီးဘုရားပွဲ

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

**ကျွန်တော်တို့ငယ်ငယ်က ကျောက်တော်ကြီးဘုရားပွဲသည် သီတင်းကျွတ်လဆန်း ၈ ရက် ကျွန်တော်တို့ရဲ့ စာမေးပွဲနောက်ဆုံးရက်ဖြစ်တာမို့ နေ့လယ်စာမေးပွဲဖြေပြီးတာနဲ့ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေ ကျောက်တော်ကြီးဘုရားပွဲကို ခြေကျင်သွားပြီး ပွဲဈေးတန်းကို သွားလည်ကြပြီပေါ့။**



ပြန်ပြီးတွေးကြည့်တဲ့အခါ အဲဒီတုန်းကမှ ကျွန်တော်တို့အသက်က ၁၃ နှစ်သားလောက်ပဲ ရှိသေးတယ်။ ဘုရားပွဲကိုရောက်တဲ့အခါ အရင်ဦးဆုံး ကျောက်တော်ကြီးဘုရားကို အရင်ဦးချ ရှိခိုးပြီး စာမေးပွဲဖြေပြီးလာတာဆိုတော့ စာမေးပွဲအောင်ပါစေလို့ ဆုတောင်းရတာပေါ့။ ပြီးတော့မှ ကုသိုလ်တော်ဘုရားကိုသွား ဘုရားမှာဆုတောင်းပြီးမှ တောင်ဘက်မုခ်ကထွက်ပြီး ရေလယ်ဇရပ်ကနေ စန္ဒာမုနိဘုရားဘက်ကို သွားတာပေါ့။

အဲဒီတုန်းက ဘုရားပွဲထဲမှ အသံချဲ့စက်သံတွေက ဆူညံလို့ စကားပြောတာတောင် ကျယ်ကျယ်ပြောမှ ကြားရတယ်။ ပွဲဈေးတန်းမုန့်သည်တွေကလည်း မျက်စိတဆုံးပဲ။ သုဓမ္မာဇရပ်တန်းနားကတော့ ငှက်ပျောတန်းပေါ့။ သူတို့ငှက်ပျောတန်းကတော့ ရခိုင်ငှက်ပျောသီးတွေ ပဲရောင်းတာ။ သူ့ရဲ့မြောက်ဘက်ကတော့ ကရေကရာတန်းတွေပေါ့။ မျက်နှာချင်းဆိုင်ကတော့ ပန်းတနော် သင်ဖြူးတန်းပေါ့။ ပန်းတနော်သင်ဖြူး၊ ခမောက်၊ ယပ်တောင်အစုံ တောင်သူတွေ ဆောင်းတဲ့ ခမောက်မျိုးစုံပေါ့။ ခဲလန်ချောင်းသည်တွေကလည်း 'ရွှေနှင်းဆီ' 'မြနှင်းဆီ'ဆိုတဲ့ နာမည်ကြီး ခဲလန်ချောင်းဆိုင်ကလည်း ရှိသေး။ နောက်ပြီး မုန့်သိုင်းခြုံချွေတာရေး မုန့်ဆိုင်တွေကလည်း တန်းဆီလို့။ တဖြည်းဖြည်းနှင့် အမှောင်ဘက်ကို ရောက် ရှိလာပြီ။ ဘုရားပွဲထဲမှာ ဟိုကြည့် ဒီကြည့်နဲ့ လျှောက်လည်လိုက်တာ ဗိုက်ဆာလာပြီ သူငယ်ချင်းကတော့ ကျွန်တော်ရယ် အောင်မင်း၊ နုယဉ်၊ ဇော်မင်းဆိုတဲ့ စိတ်တူကိုယ်တူ သူငယ်ချင်းလေးယောက်ပေါ့။ ဘုရားပွဲထဲ လျှောက်သွားရင်း ခြေကညောင်း ဗိုက်ကဆာပြီဆိုတော့ 'ဟင်းရည်မလို မုန့်ဖတ်ပိုအကြော်နဲ့စား မုန့်ဟင်းခါး' ဆိုတဲ့ 'တစ်ပင်တိုင်' မုန့်ဟင်းခါးဆိုင်ကို လေးယောက်သား ချီတက်ကြပြီပေါ့။ မုန့်ဟင်းခါးတစ်ပွဲမှ ငါးမူးဆိုမှတော့ တန်မှတန် ဟင်းရည်အပိုတောင်း သောက်ရတာဆိုတော့ ဗိုက်ဝသွားပြီပေါ့။

ကျွန်တော်တို့က (နန်းတော်ရှေ့)မှာနေတာဆိုတော့ ဘုရားပွဲနဲ့ နီးတယ်လေ။ ညနေကတည်းက ဘုရားပွဲကဖွင့်တဲ့ အသံချဲ့စက်သံတွေက မိုးလင်းမှပဲ တိတ်တော့တယ်။ ဇာတ်တွေကလည်း နောက်ပိုင်းကတဲ့ ဇာတ်တော်ကြီးတွေရဲ့အသံကလည်း ကြားနေရတယ်။ အဲဒီတုန်းက ကကြတဲ့ ဇာတ်ပွဲကလည်း တကယ့်ဒိတ်ဒိတ်ကြဲ ဇာတ်ကြီးတွေ ရွှေမန်းတင်မောင်၊ မြို့တော်သိန်းအောင်၊ စိန်မဟာသဘင်၊ စိန်မာဒင် ဒီလို ဇာတ်ကြီးဗျ။ နောက်မှသာ မန္တလေးသိန်းဇော်နဲ့ မြို့တော်ချစ်ဖွယ်တို့ ကကြတာ။ စန္ဒာမုနိအရှေ့မုခ်မှာ ကြည့်ချင်ပွဲ အောင်ကျော်ညွန့်ဇာတ်ရယ် ရွှေဘိုတင်ဖေရုပ်သေးပွဲကတော့ နှစ်တိုင်း ပင်တိုင်ပေါ့။ နောက်နှစ်တွေကြတော့ မိုးဆန်းဦးရဲ့ ဗလာဇာတ်လည်း ကပါသေးတယ်။ ကုသိုလ်တော် တောင်ပေါက်မှာတော့ မန္တလေးရဲ့ နာမည်ကြီးအငြိမ့်များကလည်း တစ်ညတစ်ငြိမ့် ကပြအသုံးတော်ခံပါသေးတယ်။ ရွှေမန်းတင်မောင်က အော်ပဒါကို ဝင်းဗိုလ်ရဲ့ 'တံခါးမှူးဒွတ္တ'ပြဇာတ်ကတော့ 'မောင်မှူး'ဆိုရင် မြို့တော်သိန်းအောင်က အော်ပဒါကို 'လထွက်ကလေးရယ် မြင်းပေါ်တင်'ပြဇာတ်ကတော့ 'သဘင်သည်မဝင်ရ' ဒီလိုအပြိုင်အဆိုင်တွေ ကကြတော့ ကြည့်ရတဲ့ပရိတ်သတ်က တန်တယ်လေ။ နောက်ပြီး ရုံဝင်ခ လူကြီးငါးကျပ်၊ ကလေးသုံးကျပ် ခေတ်ပေါ့။ သီတင်းကျွတ် လပြည့်ကျော် ၁၊ ၂ ရက်မှာတော့ ရွှေကျောင်းကြီးရဲ့မြောက်ဘက်မှာတော့ တောင်သူကြီးများအဖွဲ့ကပိုင်တဲ့ 'ရေလည်' ဇရပ်ဆိုတာ ရှိတယ်။ ညမှာတော့ တောင်သူကြီးများအဖွဲ့က ကရဝိက်ဖောင်ပေါ်မှာ လှပျိုဖြူများက လေ့လှော်ယိမ်းနဲ့ ကပြဖျော်ဖြေကြတယ်။ မီးရောင်စုံနဲ့ အင်မတန်ကြည့်လို့ကောင်းတဲ့ ကရဝိက်ကြီးပေါ့။ ထို့အတူ ကုသိုလ်တော်ဘုရားထဲမှာလည်း 'နန်းတော်ရှေ့ စိန်မောင်ချို' စည်တော်ကြီးအဖွဲ့ကလည်း အကအလှ ရှေးသီချင်းများနဲ့ အငြိမ့်မင်းသမီးကြီး အမေသန်းရဲ့ အဆိုအကအလှမင်းသားချော ဝင်းမင်းသန်းရဲ့အဆိုက ပိုလို့နားထောင်ကြည့်ရတဲ့အက ကမျက်စိထဲက မထွက်အောင်ဘဲ။

'၁၉၈၈' ရဲ့ နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနဲ့ ကျောက်တော်ကြီးဘုရားပွဲဟာ လူငယ်တွေ ဘီယာအရက်တွေသောက်ပြီး မူးကြ၊ ရန်ဖြစ်ကြနဲ့ မောင်နဲ့နှမသားနဲ့ အမိဟာ တော်ရုံအဖော်မပါဘဲနဲ့ မသွားရဲအောင် ဖြစ်နေပါပြီ။ တဖြည်းဖြည်းနဲ့ နောက်နှစ်အနည်းငယ်ကြာတဲ့အခါမှာ မျိုးဆက်သစ်တွေ ပေါ်လာပြီ။ ရွှေမန်းတင်မောင် ကွယ်လွန်သွားတဲ့အခါမှာ ဝင်းဗိုလ်၊ ဆန်းဝင်း၊ ဝင်းမောင်၊ ချမ်းသာတို့ ရောက်လာပြီလေ။ နောက်ပြီး မြို့တော်သိန်းအောင်ဆုံးတော့ မောင်မောင်သိန်းတို့ခေတ် ရောက်ပြန်ရော။ အဲဒီကမှတစ်ဆင့် မန္တလေးသိန်းဇော်၊ မြို့ရွှေမန်းသား ဖိုးချစ်ဆိုတဲ့ ဇာတ်အဖွဲ့က တိုးလာပြန်ရော။ သီတင်းကျွတ်လဆန်း ၇ ရက် အဖိတ်နေ့မှာတော့ ဈေးချိုသူတွေရဲ့အသဲစွဲ ရွှေမန်းသဘင်၊ မန္တလေးသိန်းဇော်တို့ ဇာတ်ရုံမှာဆိုရင် ဖျာလက်မှတ်ကို ကြိုပြီးဝယ်မထားရင် ရှေ့တန်းမရမှာစိုးလို့ ကြိုပြီးဝယ်ထားမှ နေရာကောင်းရသတဲ့။ နှစ်ပါးသွားကတဲ့အချိန်ဆိုရင် မင်းသားကို နှင်းဆီပန်းအနီရောင်နဲ့ ဖွန်၊ စံပယ်တွေကိုရောပြီး ပန်းကုံးရယ်၊ ချိုချဉ်တွေနဲ့သီထားတဲ့ ပန်းကုံးတွေပေါ့။ မင်းသားတွေကလည်း ချွေးသံတရွှဲရွှဲနဲ့ လူရှင်တော်တွေတောင် ပျက်လုံးထုတ်ချိန်မရအောင် ကြိုးစားပန်းစား ကကြတာလေ တကယ့်ကို မခိုမကပ်ဘဲ ပရိသတ်တွေကို သူတို့ရဲ့အနုပညာရသ အကအလှတွေနဲ့ ဖျော်ဖြေကြတာ။ မဟာရန်ကုန်စံပြသဘင် စိန်မာဒင်သား မိုးမင်းက 'မိုက်ကယ်ဂျက်ဆင် စတိုင်ရှိုး' မန္တလေးသိန်းဇော်က ချစ်ပြုံးနှင်းဆီပြဇာတ် နာမည်ကြီးနေတဲ့ အချိန်ပေါ့။ မြန်မာသံစဉ်တွေကို ဦးစားပေး သီဆိုဖျော်ဖြေနိုင်သူပါ။ နောက်ပိုင်းဇာတ်တော်ကြီးကို တေမိဇာတ်တော်ဟာ မျက်နှာအမူအယာ သရုပ်ဆောင် အလွန်ကောင်းသူပါ။ နောက်ပြီး သူ့ရဲ့နှစ်ပါးခွင် သီချင်းလေးထဲကလည်း တအားကောင်းတာ မိန်းကလေးတွေ အသဲစွဲပေါ့။ ရုပ်ရည်ကလည်း လှတယ်။ ကထိန်ရာသီရောက်ရင် ဈေးချိုရွှေဆိုင်တန်းက ကထိန်ပွဲမှာ ဇာတ်မင်းသားလေး သိန်းဇော်မပါရင် ပွဲမစည်ဘူးတဲ့။

ဟိုးအရင်တုန်းကအကြောင်းတွေ ပြောဦးမယ်။ သီတင်းကျွတ် လဆန်း ၁၂ ရက်ဆိုရင် ပုသိမ်ကြီးမြို့နယ်က သန့်စင်ကုန်းသစ်ချိုကုန်း၊ ဇီးချိုကုန်းတို့ကနေပြီး မိသားစုလိုက် အိမ်ပြောင်းသလို စားအိုးစားခွက် အစုံအလင် လှည်းပေါင်းမိုးတွေနဲ့ လူတွေစားဖို့ ဆန်၊ ဆီ၊ ဆား အကုန်ယူလာပြီး နွားတွေအတွက် နွားစာစားကျင်းအိမ်မှာ မွေးထားတဲ့ခွေးတောင် ပါလာသေးတယ်။ ခြုံသံတလွင်လွင်နဲ့ ၁၉ လမ်းကနေ ၆၂ လမ်းဘုရားအထိ မျက်စိတဆုံးပါဘဲ။ ပျော်စရာလည်း ကောင်းပါတယ်။ ကုသိုလ်တော်ဘုရားထဲမှာလည်း ဘုရားလည်းဖူး၊ ညှော်ခံကျွေးမွေးတဲ့ အချိုပွဲရယ် ဆီးဖြူသီးဆားရည်စိမ်ဟာ ငပိနဲ့ ငရုတ်သီး၊ ပုစွန်ခြောက်ရယ် ရောကြော်ထားတာ တို့ပြီးစားလိုက်ရင် ပါးစပ်ထဲချိုပြီး အရသာရှိတာတွေကတော့ တစ်သက်မမေ့စရာတွေပါဘဲ။ သိသိမသိသိ ဝင်စားလို့ရတဲ့ နေရာတွေပါ အခုတော့ မရှိတော့ဘူးလေ။ ညှော်ခံမည့်သူတွေလည်း မရှိတော့ဘူးလေ လွမ်းစရာတွေပဲပေါ့။

ကျွန်တော်တို့ငယ်ငယ်တုန်းက ၁၉ လမ်း၊ ၆၂လမ်းထောင့်မှာ ကျောက်တော်ကြီးဘုရားပွဲကို သင်္ကြန်လိုပဲ မေမြို့-မန္တလေးပြေးဆွဲတဲ့ M.M. T.A ဂျစ်ကားအပြာတွေက လေးစီးငါးစီးလောက် ကျွန်တော်တို့ နန်းရှေ့မှာရှိတယ်။ ညပိုင်းမှာ အမိုးဖွင့်ပြီး ခေါက်တိုဆွဲဖို့လို့ခေါ်တဲ့ ၆၂ လမ်းနှင့် ၁၉ လမ်းထောင့်ကနေ ကုသိုလ်တော် ဘုရားနားက ရေလည်ဇရပ်ထိ တစ်ယောက်ကို တစ်မတ်ဂျစ်ကားတစ်စီးကို ၁၀ ယောက်ပဲ ဘုရားကိုတောက်လျှောက်မောင်းပြီးရင် ရွှေကျောင်းထဲက ပြန်ထွက်။ လမ်းမှာ လူမတင်တော့ဘူးဆိုတော့ မြန်မြန်ရောက်တယ်။ သင်္ကြန်လည်ရသလိုပဲ လမ်းမှာတွေ့တဲ့ ပျိုပျိုအိုအို အကုန်စပြီး ဘုရားကို အရောက်သွားကြတာ။

နောက်ပြီး သုဓမ္မာဇရပ်တန်းမှာ'မြနန်းဇကရီ' လက်ဖက်ခြောက်ဆိုင်ကလည်းရှိသေး သူငယ်ချင်းတွေ ရှမ်းသံဝဲဝဲနဲ့ ကူပြီးရောင်းပေးရတာလည်း လွမ်းမိသေးတယ်။ ကျောက်တော်ကြီးအရှေ့မုခ်မှာတော့ လယ်ယာသုံးပစ္စည်းတွေ ဓား၊ ပဲကွပ်၊ ခက်ရင်းတွေ ပြီးတော့ ကျောက်ပျဉ်၊ သနပ်ခါးတုံးရောင်းတဲ့ ဆိုင်ရှိတယ်။ မန္တလေးတောင်ဘိုးဘိုးကြီးနန်းနဲ့ မျက်နှာချင်းဆိုင်မှာတော့ အဝတ်အထည်နဲ့ ကလေးကစားစရာပစ္စည်းတွေရောင်းတဲ့ ဆိုင်တွေကလည်း မျက်စိတဆုံးပဲ။ စန္ဒာမုနိဘုရားက လပြည့်ကျော် ၁ ရက် ဆွမ်းကြီးလောင်း၊ ကုသိုလ်တော်ဘုရားက လပြည့်ကျော် ၂ ရက်၊ ကျောက်တော်ကြီးဘုရားက လပြည့်ကျော် ၃ ရက် ဆွမ်းကြီးလောင်းပါတယ်။ ဟိုးနှစ်ပေါင်း ၄၀ ကျော်က ကျောက်တော်ကြီးဘုရားပွဲနဲ့ ယခုကျောက်တော်ကြီးဘုရားပွဲက ဘာမှမတူတော့သလို အရာရာဟာ ပြောင်းလဲသွားပြီနော်။ 'လွမ်းလိုက်တာ ကျောက်တော်ကြီး ဘုရားပွဲရယ်'။



## အီးစီးကရက်သောက်ခြင်းကြောင့် သွေးကြောများ အလျင်အမြန် ယိုယွင်းလာနိုင်



စီးကရက်သောက်လျှင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးနှင့်အဆုတ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်ဟုဆိုကာ အီးစီးကရက်ကို တီထွင်ဖန်တီးပြီး ဆေးလိပ်ဖြတ်ခဲ့ကြရာမှ ယခု နောက်ပိုင်းတွင် အီးစီးကရက်သောက်မှု ခေတ်မီသည်ဟု ထင်မြင် ယူဆလာကြသည်။

ထိုအီးစီးကရက်ကို ဆယ်ကျော်သက်လူငယ်များပါမကျန် သောက်နေကြသဖြင့် ၎င်း၏အန္တရာယ်နှင့်ပတ်သက်၍ ဆေးသိပ္ပံ ပညာရှင်များက သုတေသနပြုကာ သတိပေးလာကြရပြန်သည်။

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ ဟန်တင်တန်သုတေသနအဖွဲ့အစည်းမှ ရာရှစ်အလာဗီ ဦးဆောင်သော သုတေသီများလည်း အီးစီးကရက်၏ ဆိုးကျိုးများနှင့် ပတ်သက်၍ လေ့လာလျက်ရှိရာ မကြာသေးမီကထူးခြားချက်တစ်ရပ် တွေ့ရှိခဲ့သည်။

ယင်းထူးခြားချက်မှာ အီးစီးကရက်သောက်ခြင်းကြောင့် သွေးကြောများ အလျင်အမြန်ယိုယွင်းလာနိုင်သည်ဆိုသော အချက် ပင်ဖြစ်ကြောင်း သိရသည်။

(SCI)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Adele က ကွင်းပြင် စတိတ်စင်အသစ်နှင့် ဖျော်ဖြေပွဲလုပ်၍ ဂင်းနစ်စံချိန်တင်

ကမ္ဘာကျော်အဆိုတော် အဒဲလ်က Munich တွင် အထိုင်ပွဲဆက်များ သီဆိုခဲ့ပြီးနောက် စတိတ်စင်အသစ် တည်ဆောက်၍ ဖျော်ဖြေခဲ့ရာမှ ဂင်းနစ်စံချိန်တင်နိုင်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဒဲလ်သည် Munich တွင် အထိုင်ပွဲဆက်များနှင့် သီဆိုဖျော်ဖြေခဲ့ပြီးနောက် အားကစားရုံထဲ၌ ဖျော်ဖြေခဲ့ခြင်းမဟုတ်ဘဲ ကွင်းပြင်တွင် စတိတ်စင်အသစ်ဆောက်၍ ဖျော်ဖြေပွဲကျင်းပခဲ့သည်။

အဆိုပါ စတိတ်စင်မြင့်တွင် အသုံးပြုထားသည့် Screen မှာ ၄၁၅၉ ဒသမ ၇ မီတာ ရှိပြီး ပြင်ပဖျော်ဖြေပွဲတွင် သုံးသည့် ကမ္ဘာ့အကြီးဆုံးစခရင်အဖြစ် ဂင်းနစ်စံချိန်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဂီတစွမ်းရည်မြင့်မားပြီး ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိထားသော အဒဲလ်၏ဂီတဖျော်ဖြေပွဲသို့ လာရောက်အားပေးထားကြသော ပရိသတ်များမှာ များပြားခဲ့ပြီး A DELE Munich ဆိုသော ရိုးရှင်းသည့် စင်မြင့်ပေါ်တွင် လူပေါင်းများစွာ တက်ရောက်အားပေးထားကြသည်။

(SKY)

၀-၀-၀-၀-၀-၀





## Wang Yibo က ရှင်သန်နေခြင်း အတွေ့အကြုံကို ဖြတ်သန်းရင်း ဘဝအလှကို သိခွင့်ရခဲ့

ဝမ်ရိဘို၏ စိတ်ကူးအတွေးအမြင်များကို အကောင်အထည်ဖော်ရိုက်ကူးထားသည့် Exploring The Unknow with Wang Yibo မှတ်တမ်းရုပ်ရှင်တွင် ရှင်သန်နေရခြင်း အတွေ့အကြုံကို ဖြတ်သန်းရင်း ဘဝအလှအပကို သိရှိနားလည်ခွင့်ရရှိခဲ့သည်ဟု ပြသထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မှတ်တမ်း ရုပ်ရှင်အင်တာဗျူးတွင် ဝမ်ရိဘိုက ရှင်သန်နေရခြင်း (အသက်အန္တရာယ်နှင့်နီးသည့်)အတွေ့အကြုံကို ဖြတ်သန်းရင်း ဘဝ၏ အမှန်တကယ်လှပမှုကို သိလိုက်ရသည်ဟု ဖြေကြားသွားခဲ့သည်။

သမားရိုးကျအနုပညာရှင်ဆိုသည့် ဘောင်မှ ခွဲထွက်၍ စိန်ခေါ်မှု အသစ်အဆန်းများကို ချပြခဲ့ရာ အသက်အန္တရာယ်စွန့်စားမှုများ ပါဝင်ခဲ့ပြီး အမြင့်ကြောက်စိတ်ကို တွန်းလှန်၍ ကျောက်တောင်မြင့်ပေါ်တွင် တစ်ည အိပ်ခဲ့ပြီး ပိုးဖလံကြောက်စိတ်ကို အကိုက်ခံ၍ အကောင်မျိုးစုံနှင့် ဟိုင်နန်အပူပိုင်းသစ်တောခြေရာခံခဲ့ပြီး သဲကန္တာရနှင့်ထူးခြားသော ဓလေ့များဖြင့် ဂေဟာစနစ်ကို ကြုံတွေ့ခဲ့ကာ ရေအောက်ကမ္ဘာတွင် အဏ္ဏဝါဂေဟစနစ် ဆန်းကြယ်မှု၊ နှင်းတောင်ပြိုကျမှုနှင့် ရှင်ခြင်း၊ သေခြင်းတို့နှင့်အတူ ဝမ်ရိဘိုက အကြောက်အရွံ့ကင်းပြီး ရဲရင့်မှု၊ သန်မာမှု ပူးပေါင်းမှုတို့ကို ပြုလုပ်၍ နယ်မြေသစ်များစူးစမ်းရှာဖွေမှု ပြုလုပ်ခဲ့သည်ကို တွေ့ကြရသည်။

(SKY)

## Love in the Big City သရုပ်ဆောင်ကို BL စီးရီးတွင် ပါဝင်၍ ဝေဖန်ထားကြ

ကိုရီးယားဒရမ်မာဇာတ်ကား Love in the Big City တွင် မင်းသားနမ်ယူဆူနှင့် ဂျင်ဟိုအွန်းတို့ ပါဝင်ထားကြပြီး BL စီးရီး(လိင်တူချစ်သူ)ဇာတ်လမ်းဖြစ်၍ ပရိသတ်အမုန်းမှတ်ချက်များနှင့် ဝေဖန်ထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှာ ရောင်းအားအကောင်းဆုံးပတ်ဆန်ယောင်၏ နာမည်တူဝတ္ထုကို အခြေခံထားကာ အခန်းတစ်ခန်းထဲအတူနေ လိင်တူချစ်သူ အမျိုးသားနှင့် လိင်ကွဲချစ်သူ အမျိုးသမီးတို့ကြား ဇာတ်လမ်းဖြစ်ပြီး အောက်တိုဘာလတွင် ထွက်ရှိမည်ဖြစ်သည်။

နမ်ယွန်ဆူက ဇာတ်လမ်းပရိုမိုးရှင်းအတွက် အင်စတာအကောင့်မှ ကြော်ငြာပေးခဲ့ရာမှ ပရိသတ်များ အမုန်းမှတ်ချက်များ၏ သားကောင်ဖြစ်ခဲ့ရပြီး အချို့က အနုပညာအတွက် အလုပ်လုပ်နေခြင်းကို နားလည်ပေးသော်လည်း အများစုက ဝေဖန်မှုများ ပြင်းထန်စွာ ပေးထားကြသည်။ (SKY)




## BTS မှ Suga@Min Younggi ၏ ကယ်တင်ရှင်ကို ပရိသတ်စိတ်ဝင်စားခဲ့ကြ

ဘီတီအက်စ်အဖွဲ့ဝင် ဆူဂါအဖြစ် ပွဲဦးမထွက်မီ မင်ယောင်ဂီသည် ငွေကြေးပြဿနာ၊ ရင်နင့်ဖွယ်မတော်တဆမှုများကြောင့် ပျက်စီးလုနီးပါး ဖြစ်ခဲ့ရသည့် အိပ်မက်ကို အသက်ဆက်ပေးသူ ကယ်တင်ရှင်တစ်ဦးရှိခဲ့သည်ကို ပရိသတ်စိတ်ဝင်စားနေကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆူဂါ(ခေါ်)မင်ယောင်ဂီသည် ခြောက်တန်းနှစ်တွင် Epik High ၏ Fly သီချင်းနားထောင်ပြီး ရက်ပ်ပါဖြစ်ရန် အိပ်မက်ရှိခဲ့သော်လည်း မိသားစုဆင်းရဲနွမ်းပါးသည့်ကြားမှ ဈေးကြီးသော အိပ်မက်နောက် လိုက်ခဲ့သည်။

ငယ်ရွယ်စဉ်တွင် အလိမ်ခံရ၊ ထမင်းငတ်ခံရပြီး အခြေအနေဆိုးများ ကျော်ဖြတ်၍ ဘစ်ဟစ်ရောက်ချိန်တွင်လည်း အချိန်ပိုင်းအလုပ် Deli ပို့ရင်း ကားတိုက်ခံရကာ ပခုံးဒဏ်ရာရသည်ကို ကြိတ်ကုရင်း အိပ်မက်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ရာမှ စီအီးအို ဘန်ဆီဟွမ် သိသွားပြီး ပြဿနာများ ဖြေရှင်းပေးခဲ့ကာ ဒဏ်ရာပျောက်သည်အထိ စောင့်ပေးခဲ့ပြီးမှ ကမ္ဘာကျော် ဘီတီအက်စ်အဖွဲ့ဝင် ဖြစ်လာခဲ့ရသည်။

ဘစ်ဟစ်၏ ထောက်ပံ့ပေးမှု၊ ဆူဂါ၏ ပါရမီနှင့် ကြိုးစားမှုတို့ ပေါင်းစပ်မိပြီး ကယ်တင်ရှင် စီအီးအို ဘန်ဆီဟွမ်ကြောင့် ဆူဂါဟူသော အမည်ကို မှတ်တိုင်စိုက်နိုင်ခဲ့သည်။

(SKY)

## Xiao Zhan ၏ ထူးချွန်သည့် လွှမ်းမိုးမှုကို ပရိသတ်များ တုံ့ပြန်ပေးထားကြ

တရုတ်နာမည်ကြီး အနုပညာရှင် ရှောင်းကျန့်၏ Douyin ဧရိယာတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲနှင့် ဘွဲ့လွန်ဝင်ခွင့်အောင်မြင်သူများက သူတို့၏အောင်မြင်မှုများကို ဝေမျှပေးထားပြီး ရှောင်းကျန့်၏ထူးချွန်သည့် လွှမ်းမိုးမှုကို တုံ့ပြန်ပေးထားကြကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်းကျန့်ထံသို့ သူတို့ ဘဝ၏ အောင်မြင်မှုများကို ဝေမျှထားရာတွင် ရှောင်းကျန့် ဆုံးမထားသကဲ့သို့ "သူ့အတွက်သာ အချိန်မကုန်ဘဲ သူတို့ဘဝကို အချိန်ပေးပြီး မင်းတို့နှင့်အတူ ပိုကောင်းသူများဖြစ်လာအောင် ကြိုးစားမည်" ဆိုသည်ကို သက်သေပြခဲ့ကြခြင်းဖြစ်သည်။

ပရိသတ်များ နမူနာယူရသည့် ထူးချွန်သည့် အနုပညာရှင်တစ်ဦး၏ လွှမ်းမိုးမှုကို မြင်တွေ့ကြရသည်။ (SKY)





# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ကောက်ယူလျက်ရှိ



**လယ်ဝေး အောက်တိုဘာ ၁၅**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ် မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် အောက်တိုဘာ ၁ ရက်မှ စတင်၍ ရပ်ကွက်နှင့် ကျေးရွာများတွင် ကောက်ယူလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်ကွက်များမှ လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာများ အချက်အလက် ၆၈ ချက်အား မေးမြန်းကာ CAPI နည်းပညာဖြင့် အသုံးပြု၍ စာရင်းစစ်၊ စာရင်းကောက်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ ပူးပေါင်း၍ တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိသည်။

လယ်ဝေးမြို့နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များ အပါအဝင် ကောက်ကွက် ၆၇၁ ကွက်၊ စာရင်းစစ်၊ စာရင်းကောက် ၂၈၉ ဦးတို့ဖြင့် ကောက်ယူလျက်ရှိပြီး ယမန်နေ့က အိမ်ထောင်စု ၆၂၀၄ စု၊ လူဦးရေ ၂၃၉၉၂ ဦး ကောက်ယူပြီးစီးကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

(အပေါ်ပုံ)

(မြို့နယ်-ပြန်/ဆက်)

**ညောင်ဦး အောက်တိုဘာ ၁၅**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီမှစ၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များမှ ၁၄ ရက်မြောက်နေ့အဖြစ် ကောက်ယူလျက်ရှိသည်။ (ယာပုံ)

ညောင်ဦးမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စုတွင် သန်းခေါင်စာရင်းကောက်ကွက် ၅၇၃ ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၄၁ဖွဲ့ဖြင့် သန်းခေါင်စာရင်းကောက်ယူလျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ပြီး စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များမှ မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း အိမ်တိုင်ရာရောက် Mobile Tablet များအသုံးပြု၍ သန်းခေါင်စာရင်းကောက်ယူလျက်ရှိသည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၈၁)



**နတ်မောက် အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ကွက် ၁၈၅ ကွက် ကောက်ယူပြီးစီးပြီဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

ထို့သို့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းဇယားများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာ အချက်လက် ၆၈ ချက်အား မေးမြန်းကာ CAPI နည်းပညာဖြင့် Tablet အသုံးပြု၍ ကောက်ယူခြင်းဖြစ်ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ရာ နတ်မောက်မြို့နယ်အတွင်း ရပ်ကွက်ပေါင်း ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁ အုပ်စု ကျေးရွာပေါင်း ၁၂၇ ရွာရှိပြီး စာရင်းကောက်ကွက်ပေါင်း ၂၈၆ ကွက်တွင် ၁၈၅ ကွက် ကောက်ယူပြီးစီးပြီဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကောက်မတီထံမှ သိရသည်။



(ဝဲပုံ)(လှဝင်း)

**ပခုက္ကူ အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အမှတ်(၇၊ ၈၊ ၁၁)ရပ်ကွက်များရှိ အိမ်ထောင်စုများထံ ဆက်လက်ကွင်းဆင်းကောက်ယူကြသည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဇော်မင်းထက်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနေမျိုးအောင်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ခရိုင်လဝကဦးစီးမှူး ဒေါ်ကြည်ကြည်ချိုနှင့် ကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး သက်ထွန်းနိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးအောင်မြင့်မော်နှင့် ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှု ကြီးကြပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ပခုက္ကူမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်ရှိပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို အောက်တိုဘာ ၁ ရက်မှ စတင်ကောက်ယူခဲ့ရာ အောက်တိုဘာ ၁၄ ရက်အထိ အိမ်ထောင်စုပေါင်း ၉၂၅၂ စု၊ လူဦးရေ ၃၄၅၀၉ ဦး၊ စာရင်းကောက်ကွက်ပေါင်း ၁၇၁ ကွက်မှ ၈၅ ကွက်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၄၉ ဒသမ ၇ ရာခိုင်နှုန်း ကောက်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်ရှိသည့်နေရာများကိုလည်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

(အောက်ပုံ)

(၃၄၀)



**မြစ်သား အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက မြို့နယ်အတွင်းရှိ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ စတင်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်အထိ ကောက်ယူခြင်းလုပ်ငန်း ၉၂ ရာခိုင်နှုန်း အောင်မြင်စွာ ကောက်ယူပြီးစီးဖြစ်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ရပ်ကွက် ၁၁ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၈၁ အုပ်စုရှိပြီး စာရင်းကောက်ကွက်ပေါင်း ၅၈၆ ကွက် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ ၄၇ ဖွဲ့မှ စာရင်းစစ်၊ စာရင်းကောက် ၂၂၄ ဦးတို့ဖြင့် သန်းခေါင်စာရင်း အချက်အလက်များ ကောက်ယူလျက်ရှိရာ ယမန်နေ့အထိ အိမ်ထောင်စု ၄၆၉၃၇ စုနှင့် လူဦးရေ ၁၆၉၃၁၇ ဦးတို့ ကောက်ယူပြီးစီးခဲ့၍ ၉၂ ရာခိုင်နှုန်း ပြီးစီးကြောင်း သိရသည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကောက်ယူနေမှုကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အခြေခံပညာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ ပူးပေါင်း၍ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မြို့နယ်-ပြန်/ဆက်)

၀-၀-၀-၀-၀-၀



## မြောက်ကိုရီးယား အမြောက်တပ်ရှစ်ခု၏လှုပ်ရှားမှုကို တောင်ကိုရီယားဘက်က မပြတ်စောင့်ကြည့်နေရ



**ဆိုးလ် အောက်တိုဘာ ၁၅**

မြောက်ကိုရီးယား အမြောက်တပ်ရှစ်ခု၏လှုပ်ရှားမှုကို တောင်ကိုရီးယားဘက်က မပြတ်စောင့်ကြည့်နေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၁၄ ရက်တွင် နှစ်နိုင်ငံနယ်စပ်အနီးသို့ မြောက်ကိုရီးယားဘက်က အမြောက်တပ်ရှစ်ခုကို ပစ်ခတ်ရန်အသင့်ပြင်ခဲ့သဖြင့် မိမိတို့ဘက်ကလည်း တပ်လှန့်ထားခဲ့ရကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနပြောခွင့်ရသူက ဆိုသည်။

နှစ်နိုင်ငံအကြား ဆက်သွယ်ဖောက်လုပ်ထားခဲ့သော ကားလမ်းနှင့် မီးရထားလမ်းများကို ဖောက်ခွဲဖျက်ဆီးပစ်မည်ဟု မြောက်ကိုရီးယားဘက်က ကြေညာပြီးနောက် အမြောက်တပ်များ နယ်စပ်ဘက်သို့ရွေ့လာခဲ့ခြင်း ဖြစ်သည်။

မိမိတို့ဘက်သို့ရန်ပြုတိုက်ခိုက်လာလျှင် တုံ့ပြန်နိုင်ရန် မပြတ်စောင့်ကြည့်နေရခြင်းဖြစ်သည်ဟု အဆိုပါပြောခွင့်ရသူက ရှင်းပြသည်။

အောက်တိုဘာ ၁၅ ရက်နေ့လယ်ပိုင်းတွင် မြောက်ကိုရီးယားဘက်က ထိုကားလမ်းနှင့် မီးရထားလမ်းများကို ပစ်ခတ်ဖျက်ဆီးပစ်ခဲ့ရာ တောင်ကိုရီးယားဘက်၌ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0
0-0-0

## ဝန်ကြီးချုပ်နက်တန်ယာဟု ကြုံးဝါးပြောဆိုပြီးနောက် အစ္စရေးဘက်က လက်ဘနွန်ဘက်သို့ တိုးမြှင့်တိုက်ခိုက်



**ဂျေရုဆလင် အောက်တိုဘာ ၁၅**

ဟစ်ဇဘိုလာတို့ကို လုံးဝသက်ညှာတော့မည်မဟုတ်ဟု ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု ကြုံးဝါးပြောဆိုပြီးနောက် အောက်တိုဘာ ၁၅ ရက်တွင် အစ္စရေးဘက်က လက်ဘနွန်ဘက်သို့ တိုးမြှင့်တိုက်ခိုက်ခဲ့ရာ သေဆုံးဒဏ်ရာရမှုများရှိခဲ့သည်ဟု လက်ဘနွန်ကြက်ခြေနီတပ်ဖွဲ့ပြောခွင့်ရသူက ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဟစ်ဇဘိုလာပြောက်ကျားများက အစ္စရေးတပ်မတော်စခန်းတစ်ခုကို ဒရုန်းယာဉ်များဖြင့်ပစ်ခတ်တိုက်ခိုက်ရာ အစ္စရေးတပ်ဖွဲ့ဝင် ၄ ဦး ကျဆုံးပြီး ၆၀ ဦးဒဏ်ရာရရှိခဲ့ပြီးနောက် ဝန်ကြီးချုပ်က ကြုံးဝါးပြောဆိုခဲ့ခြင်း ဖြစ်သည်။

အောက်တိုဘာ ၁၅ ရက် နံနက်စောစောပိုင်းတွင် လက်ဘနွန်နိုင်ငံ ဘီကားချိုင့်ဝှမ်းဒေသ အရှေ့ပိုင်းရှိ ပစ်မှတ်များကို လေကြောင်းမှ ပစ်ခတ်တိုက်ခဲ့သည်။

ထို့ပြင် လက်ဘနွန်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသရှိ ကျေးရွာများကိုလည်း အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့ကြောင်း လက်ဘနွန်အစိုးရပြောခွင့်ရသူက ရှင်းပြသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဆက်လက်တိုက်ခိုက်နေပါက ပါဝင်တိုက်ခိုက်သောနိုင်ငံများ အထိနာပြီး ငွေကုန်ကြေးကျများလာလိမ့်မည်ဟု ဂျော်ဒန်ဘုရင် ဒုတိယမြောက် အဗ္ဗဒူလာက လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မီကာတီကို အောက်တိုဘာ ၁၄ ရက်က သတိပေးခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## ကြာသပတေးဂြိုဟ်၏အရံလ ယူရိုပါကိုလေ့လာရန် သုတေသနအာကာသယာဉ် နာဆာအဖွဲ့လွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၅**

ယူရိုပါရွက်သင်္ဘောဟု အမည်ပေးထားသော သုတေသနအာကာသယာဉ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကိပ်ကာနာဗေရယ်လ်အာကာသစခန်းမှ အောက်တိုဘာ ၁၄ ရက် ဒေသစံတော်ချိန် နေ့လယ် ၁၂ နာရီကျော်တွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ သုတေသနအာကာသယာဉ်ကို ယခင်အပတ်က လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း အင်အားပြင်း မီလ်တန်ဟာရီကိန်းမုန်တိုင်းတိုက်ခတ်နေသဖြင့် နာဆာအဖွဲ့အနေဖြင့် ရက်ရွှေ့ဆိုင်းခဲ့ရသည်။

အဆိုပါ သုတေသနအာကာသယာဉ်သည် ကမ္ဘာမြေမှ မိုင်ပေါင်းသန်း ၁၈၀၀ မျှကွာဝေးပြီး အလွန်ပဟေဠိဆန်သော ယင်းယူရိုပါဂြိုဟ်ရံလရှိရာသို့ ၂၀၃၀ ပြည့်နှစ်ကျော်လွန်ပြီးမှ ရောက်ရှိမည်ဟု ဆိုသည်။

ယမန်နှစ်ကထွက်ခွာသွားသော ဥရောပအာကာသယာဉ်နောက်သို့ ယူရိုပါရွက်သင်္ဘောသုတေသနအာကာသယာဉ်လိုက်ပါသွားကာ ယူရိုပါဂြိုဟ်ရံလကို ပူးတွဲလေ့လာမည်ဖြစ်သည်။

ထိုဂြိုဟ်ရံလပေါ်တွင် သက်ရှိများရှင်သန်နိုင်ဖွယ်ရှိသည်ဟု ၁၉၇၀ ပြည့်နှစ်များကတည်းက အာကာသသိပ္ပံပညာရှင်အချို့ထင်မြင်ယူဆခဲ့သဖြင့် အနီးကပ်လေ့လာရန် ထိုသို့ပူးတွဲလေ့လာကြမည့်သဘောဖြစ်ကြောင်း သိရသည်။

Mon





## အာဖရိကနိုင်ငံများ အာကာသနည်းပညာတိုးတက်လာ ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်နိုင်သောအဆင့် ရောက်ရှိနေ

**ဒကာ အောက်တိုဘာ ၁၅**

ယခုနောက်ပိုင်းတွင် အာဖရိကနိုင်ငံများ၏ အာကာသနည်းပညာ တိုးတက်လာလျက်ရှိပြီး ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်နိုင်သောအဆင့် ရောက်ရှိနေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဆီနီဂေါနိုင်ငံတွင် အခြေစိုက်သည့် အာကာသကွန်ရက် အာဖရိကဟုအမည်ရသော အာကာသနည်းပညာအကြံပေးအဖွဲ့အစည်း၏အကူအညီဖြင့် ဂြိုဟ်တုများကို လွှတ်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။

အာဖရိက ၁၇ နိုင်ငံက လက်ရှိဂြိုဟ်တုအလုံးရေ ၆၀ ကျော် လွှတ်တင်ထားပြီး လာမည့်နှစ်အနည်းငယ်အတွင်း ဂြိုဟ်တုအလုံးရေ တိုးလာဦးမည်ဖြစ်ကြောင်း သိရသည်။ Mon

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ



အဘာဒဲယားအမျိုးသားဥယျာဉ်သို့ စားကျက်နေရာရွှေ့ပြောင်းပေးရန် ကင်ညာနိုင်ငံမှ သစ်တောဝန်ထမ်းများ ဆင်ရိုင်းတစ်ကောင်အား ကြိုးဖြင့်တုပ်ထားသည်ကို အောက်တိုဘာ ၁၄ ရက်က တွေ့ရစဉ်။
Mon

## ကနေဒါနှင့် အိန္ဒိယ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ဆစ်ခ်အရေးကိစ္စနှင့်ပတ်သက်၍ ပိုမိုတင်းမာလာ



**အော့တဝါ အောက်တိုဘာ ၁၅**

ကနေဒါနှင့် အိန္ဒိယနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး အခြေအနေသည် ဆစ်ခ်အရေးကိစ္စနှင့်ပတ်သက်၍ ပိုမိုတင်းမာလာလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယထောက်လှမ်းရေးက ဆစ်ခ်ခွဲထွက်ရေးခေါင်းဆောင်ကို ကနေဒါနိုင်ငံတွင် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒ် ကိုယ်တိုင် စွပ်စွဲခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရခြင်း ဖြစ်သည်။

ယခုတစ်ဖန် အိန္ဒိယသံတမန်ဝန်ထမ်းများကို ကနေဒါက ပြည်နှင်ဒဏ်ပေးလိုက်ရာ အောက်တိုဘာ ၁၄ ရက်က အိန္ဒိယအစိုးရဘက်က ကန့်ကွက်ခဲ့ကြောင်း သိရသည်။

Mon

## အင်ဒိုနီးရှားသစ်တောများ၌ ယခုနှစ်တောမီးလောင်မှု ယခင်နှစ်ကထက် ၆၀ရာခိုင်နှုန်းခန့် လျော့နည်းလာ

**ဂျကာတာ အောက်တိုဘာ ၁၅**

အင်ဒိုနီးရှားသစ်တောများ၌ ယခုနှစ် တောမီးလောင်မှုပမာဏသည် ယခင်နှစ်ကထက် ၆၀ ရာခိုင်နှုန်းခန့် လျော့နည်းလာသည်ဟု အင်ဒိုနီးရှား ပတ်ဝန်းကျင်နှင့်သစ်တောရေးရာဝန်ကြီးဌာနက အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အတိအကျအားဖြင့်မူ တောမီးလောင်မှုလျော့နည်းလာသောရာခိုင်နှုန်းသည် ၅၉ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း အောက်တိုဘာ ၁၃ ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီး သောမတ်စ်နီဖင်လူရီက ထုတ်ဖော်ပြောကြားသည်။

ယမန်နှစ်ကတောက်လောင်ခဲ့သော တောမီးအကြိမ်ရေမှာ ၇၇၈၆ ကြိမ်ဖြစ်ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ၃၁၆၃ ကြိမ်သာရှိခဲ့ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။



စင်စစ်တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုအာဏာရခဲ့သော ၉ နှစ်တာကာလအတွင်း တောမီးလောင်ခြင်းကို ကောင်းစွာစီမံထိန်းချုပ်နိုင်ခြင်းမရှိရာမှ သစ်တောဟက်တာပေါင်း ၇ ဒသမ ၆ သန်းကျော် မီးသင့်ပျက်စီးခဲ့ရကြောင်း သိရသည်။

Mon

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
- (က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
- (ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- (ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
- (ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံ နေထိုင်ကြရန် လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်း စေတနာ ရှိရန် လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရည်မှန်းချက်များ အောင်မြင်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးသည် အရေးကြီး ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍ မရှိသဖြင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှသာ လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်

နေပြည်တော် အောက်တိုဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအား အောက်တိုဘာ ၁၄ ရက် ညနေပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တိုင်းဒေသကြီးအတွင်းရှိ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးထားမှု၊ စာမျက်နှာ ၆ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်းသိုတပ်နယ်ရှိ စားရိပ်သာတွင် ကြည့်ရှုစစ်ဆေးစဉ်။

## MNL ယူ-၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အမှတ်ပြည့်ယူပြီး ဆက်လက်ဦးဆောင်



ရန်ကုန် အောက်တိုဘာ ၁၅

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉) နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၅ ရက်က ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း အမှတ်ပြည့်ရယူပြီး ဆက်လက်ဦးဆောင်လျက်ရှိသည်။

**သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ**

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အပြန်အလှန် သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Dagon Port အသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းကို ဆက်လက်ဖိအားပေးလျက်ရှိသည်။

ပွဲစဉ်(၁၉)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၈ ပွဲကစား ၄၂ မှတ်ဖြင့် ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက ၁၇ ပွဲကစား ၃၇ မှတ်၊ Junior Lions အသင်းက ၁၇ ပွဲကစား ၃၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၇ ပွဲကစား ရမှတ် ၃၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၈ ပွဲကစား ၂၇ မှတ်၊ သစ္စာအားမာန်အသင်းက ၁၈ ပွဲကစား ၂၅ မှတ်၊ ရတနာပုံအသင်းက ၁၈ ပွဲကစား ၂၃ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၂၃ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၈ ပွဲကစားရမှတ် ၂၀၊ Dagon Port အသင်းက ၁၇ ပွဲကစား ၁၈ မှတ်၊ မြဝတီအသင်းက ၁၈ ပွဲကစား ၁၄ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၈ ပွဲကစား ၁၁ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၇ မှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး၊**
**ဓာတ်ပုံ-MNL**